မြင်းသည်ကျေးရွာ

တံတားဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြင်းသည်ကျေးရွာ၊ တံတားဦးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
မြင်းသည်ကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြဓြေပုံ၊ တံတားဦးမြို့နယ်	၇
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်	၈
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၈
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်	
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	
(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	
(ခ) သဘာဝအရင်းအမြစ်များ	
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	၁၀
(က) လူဦးရေဆိုင်ရာအချက်အလက်များ	
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
(ဃ) ကျန်းမာရေးနှင့် အာဟာရ	
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	
(စ) ကျားမ ဆိုင်ရာဆက်နွယ်မှု	
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ	၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	
(ဇ) အခြေခံ အဆောက်အဦများအားလက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး	
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ	၁၇

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၁၉

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၁

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်** ၂၉

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၃၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၃

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု
ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား(၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား(၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား(၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား(၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား(၂၈) ကျောင်းအပ်နှုန်း
ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား(၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား(၃၁) အဖြစ်များသော ရောဂါများ
ဇယား(၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) သောက်သုံးရေရရှိမှု
ဇယား(၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား(၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား(၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား(၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား(၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ၊ အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ ၇၁

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ

ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ၊ ကျော်လွှားမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၄

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၂

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြင်းသည်ကျေးရွာ
တံတားဦးမြို့နယ်

မြင်းသည်ကျေးရွာအခြေပြမြေပုံ၊ တံတားဦးမြို့နယ်



အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း

နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မြင်းသည်ကျေးရွာသည် မန္တလေး၊ တံတားဦး၊ မြင်းခြံလမ်းပေါ်တွင် တည်ရှိပါသည်။ တံတားဦးမြို့နယ်၏ အနောက်ဘက်ပိုင်းတွင် တည်ရှိပြီး၊ တံတားဦးမြို့မှ (၇) မိုင်၊ မန္တလေးမြို့မှ (၂၀) မိုင်ကွာဝေးပါသည်။ ရာသီဥတုသည် ပူပြင်းခြောက်သွေ့ပြီး၊ အမြင့်ဆုံး ပျမ်းမျှအပူချိန်သည် (၃၄) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးပျမ်းမျှအပူချိန် (၂၀) ဒီဂရီစင်တီဂရိတ် ရှိပါသည်။ ဇွန်လတွင် အမြင့်ဆုံးအပူချိန်သည် (၃၇) ဒီဂရီစင်တီဂရိတ် ဖြစ်ပြီး၊ ဇန်နဝါရီလတွင် (၁၂) ဒီဂရီစင်တီဂရိတ် ရှိပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်သည် (၃၀) လက်မခန့်ရှိပြီး၊ တစ်လပျမ်းမျှမိုးရွာသွန်းရက် (၅)ရက်ဖြစ်ပြီး၊ အများဆုံး မိုးရွာသွန်းရက်သည် မေ၊ ဇွန်လတွင် (၁၀) ရက်ခန့်ရှိပါသည်။ ကျေးရွာဝန်းကျင်သည် ကျယ်ပြန့်ပြူးသော မြေပြန့်လွင်ပြင် ရှိပါသည်။ သီးနှံများဖြစ်ထွန်းအောင်မြင်ရန် ကျေးရွာတွင်မြေဆီဩဇာကောင်းမွန်သော လယ်ယာမြေကောင်းများ ရှိပါသည်။ ရေလွှမ်းမိုးဒဏ်ကို များစွာမခံစားရဘဲ၊ မိုးခေါင်ဒဏ်ကို နှစ်စဉ်ကြုံတွေ့ရပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြင်းသည်ကျေးရွာတွင် သစ်တောများမရှိပါ။ စိုက်ပျိုးလယ်ယာမြေကောင်းများရှိပြီး၊ ဝင်ငွေရသီးနှံများဖြစ်ထွန်းအောင်မြင်ပါသည်။ ကင်းတားဆည်မှ ဆည်မြောင်းရေ လက်လှမ်းမှီပြီး မိုးစပါးစိုက်ပျိုးနိုင်ပါသည်။ မြေ အောက်ရေ တူးဖော်သုံးစွဲရန် ရေအရင်းအမြစ်နည်းပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

မြင်းသည်ကျေးရွာတွင် အိမ်ထောင်စု(၂၁၃)စု ရှိပါသည်။ လူဦးရေ (၁၀၈၆)ဦးရှိပြီး၊ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ(၅)ဦးခန့် ရှိပါသည်။ စုစုပေါင်းလူဦးရေ၏ (၆၅%) သည် အလုပ် လုပ်နိုင်သောဦးရေဖြစ်ပြီး၊ (၃၅%) သည် အသက် (၁၅) နှစ်အောက်နှင့် (၆၀) နှစ်အထက်အတွင်းရှိပြီး၊ မှီခိုသူများဖြစ်ကြပါသည်။ အိမ်ထောင်စုတစ်ဝက်ကျော် (၅၅.၉%)သည် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်နေကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

မြင်းသည်ကျေးရွာသည် ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး၊ တောင်သူ(၅၅.၉%) ရှိပါသည်။ အခြားအိမ်ထောင်စုများသည် ကျပန်းလုပ်ငန်းများ၊ လှည်းလုပ်ငန်း၊ ယက္ကန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်း ပြုကြပသည်။ စုစုပေါင်းအိမ်ထောင်စု၏

တစ်ဂက်ကျော်သည် ကျပန်း၊ မြေယာမဲ့များ၊ လယ်သမားငယ်များ ဖြစ်ကြပါ သည်။ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ၊ ပျိုးနှုတ်၊ ကောက်စိုက်၊ ကောက်ရိတ်စသောလုပ်ငန်းများတွင် တစ်နေ့ပျမ်းမျှ ဂင်ငွေ (၃၀၀၀) မှ (၃၅၀၀) ကျပ်ရရှိပါသည်။ ပန်းရံ၊ လက်သမား စသောနေ့စားလုပ်သားများသည် (၅၀၀၀)မှ (၇၀၀၀)ကျပ်အထိ ဂင်ငွေရရှိပါသည်။ အဆင့်(၁)နှင့် (၂)မိသားစု အများစုသည် လက်တွန်းထွန်စက်၊ ခိုင်းနွားအပြည့်စုံ၊ ဆန်စက်၊ ဆီစက်၊ ကုန်စုံဆိုင်ကြီးများပိုင်ဆိုင်ကြပြီး၊ အခြားအိမ်ထောင်စုများသည် ပိုင်ဆိုင်မှုမရှိကြပါ။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်နစ်နာလွယ်မှု

မြင်းသည်ကျေးရွာသည် ဆင်းရဲပါသည်။ အိမ်ထောင်စုတစ်ဂက်နီးပါးသည် ဆင်းရဲသော၊ အလွန်ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ မြေယာမဲ့များ၊ (၅)ကအောက်ပိုင်ဆိုင်သော လယ်သမားငယ်များသည် ဆင်းရဲကြပါသည်။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ အိမ်ထောင်စုအားလုံးသည် နပ်ကျော်ခြင်းမရှိဘဲ (၃)နပ် ပုံမှန်စားသောက်နိုင်ကြပါသည်။ အများစုသည် မချေးမငှားဘဲ (၆)လကျော် သိုလှောင်နိုင်ကြပြီး၊ (၁၇.၄%)သည် (၃)လမှ (၅)လအထိ သိုလှောင်နိုင်ကြပါသည်။ (၂၁.၇%) သည် တစ်ရက်စာ သိုလှောင်နိုင်ကြပြီး၊ ထို့အတူ (၃၄.၇%)သည် (၂)ရက်မှ (၇)ရက်အထိ ဂမ်းစာသိုလှောင်နိုင်ကြသည်။ (၄၃.၅%)သောအိမ်ထောင်စု (၃)နှင့် (၄)များသည် (၈)ရက်မှ (၃၀)ရက်အထိ သိုလှောင်နိုင်ကြပါသည်။ ရက်(၃၀)ကျော်အောင် မည်သူမျှဂမ်းစာသိုလှောင်နိုင်ခြင်း မရှိကြောင်း စစ်တမ်းအရတွေ့ရှိရပါသည်။ အိမ်ထောင်စုအားလုံးသည် ကြွေးမြီကင်းရှင်းမှုမရှိဘဲ အနည်းဆုံး(၁)သိန်းမှ (၅) သိန်းအထိရှိကြပါသည်။

မြင်းသည်ကျေးရွာ လူထုတစ်ရပ်လုံးအတွက် ထိခိုက်လွယ်မှုဖြစ်နိုင်သော အခြေအနေ(၁၁)မျိုးရှိပါသည်။ဥပမာ-မိုးခေါင်ခြင်း၊ မီးဘေးစသောဘေးအန္တရာယ်များ ကြုံတွေ့နိုင်ပါသည်။ ကျေးရွာသည် ဘေးအန္တရာယ်ထိခိုက်မှုမများသော်လည်း မိုးခေါင်ချိန်၊ မိုးများချိန်စသော အချိန်များတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ကျပန်းများသည် စားနပ်ရိက္ခာမဖူလုံမှုများကြုံတွေ့ နိုင်ပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ရာသီဥတုအကူးအပြောင်းတွင် တုပ်ကွေးရောဂါအဖြစ်များပါသည်။ အခြား ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။ ယခုနှစ်တွင် ကလေးသူငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားပါသည်။ ကျေးရွာကျေးလက်ဆေးပေးခန်းတွင် ကောင်းစွာကုသကာကွယ်နိုင်ပါသည်။ အိမ်ထောင်စုများသည် စားနပ်ရိက္ခာဖူလုံပြီး၊ အာဟာရပြဿနာမရှိပါ။ သို့သော် အာဟာရပြည့်ဝမှုကို တိုင်းတာရန် အချိန်ပေးလုပ်ဆောင်ရပါမည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာသူ/သားအများစုသည် အခြေခံရေးနိုင်၊ ဖတ်နိုင်ကြပါသည်။ စုစုပေါင်းလူဦးရေ၏တစ်ဂက်ခန့်သည် မူလတန်းပညာအဆင့်ရောက်ကြပြီး၊ အခြားအနည်းငယ်သော လူဦးရေသည် ဘုန်းကြီးကျောင်း

ပညာရေး၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာရေးကို ရရှိကြပါသည်။ စာမတတ်သူ(၈) ဦးသာ ရှိပါသည်။ (၅)နှစ်မှ (၉)နှစ် အသက်ကြားရှိ (၉၆%)သည် မူလတန်းပညာကို သင်ယူနေကြပြီး၊ (၁၀)နှစ်မှ (၁၄)နှစ်ကြား (၉၅%)သည် အလယ်တန်းပညာ သင်ကြားနေကြပါသည်။ အထက်တန်းပညာကို (၄၄)ဦး သင်ကြားနေပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်းသည် မရှိသလောက်နည်းပါးပါသည်။ ကျေးရွာအထက်တန်းကျောင်းသည် ၂၀၁၂-၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့် အောင်ချက်ရာခိုင်နှုန်း (၅၆.၁၄%)နှင့် ၂၀၁၃-၁၄ ခုနှစ်တွင် (၂၂.၂၂%)ရှိပြီး၊ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် (၁၁.၄၃%) ကျဆင်းသွားပါသည်။

လှည်းလုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ ယက္ကန်း၊ စက်ချုပ်စသော အသက်မွေးဝမ်းကျောင်းများတွင် လုပ်ကိုင်နေသော ကျွမ်းကျင်အလုပ်သမားများရှိပါသည်။ ဘွဲ့ရပညာတတ်များကို ကျေးရွာစီမံအုပ်ချုပ်မှုကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းများမှတဆင့် လုပ်ဆောင်သွားနိုင်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမညီမျှမှုခွဲခြားခြင်းသည် ကျေးရွာတွင် များစွာကွာခြားမှုမရှိပါ။ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသားများသည် အမျိုးသမီးများထက် (၃.၂%)ပိုပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှု လုံးဝမတွေ့ရပေ။ သို့သော် ကျောင်းပညာရေးတွင်မူ မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းအပ်နှံမှုပိုများပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

မြင်းသည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုသည် အားနည်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ လုပ်ငန်းများတွင် ပရဟိတစိတ်အပြည့်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နေသော လူငယ်လူရွယ်များ များစွာရှိပါသည်။ အဖွဲ့များသည် ကဏ္ဍအလိုက် အဖွဲ့အလိုက် လုပ်ဆောင်မှုကောင်းများရှိသော်လည်း အဖွဲ့အစည်းအချင်းချင်းကြားတွင် ချိတ်ဆက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများအားနည်းပါ သည်။ အဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၏ ဦးဆောင်မှုကိုသာ များစွာမှီခိုကြပါသည်။ ရိုးရာဓလေ့ထုံးတမ်းအရ အမျိုးသမီးများ၊ ဆင်းရဲသားများ၊ လူငယ်များကိုပါဝင်ခွင့်၊ ဆုံးဖြတ်ခွင့်မပေးကြပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုလုပ်ဆောင်အောင်မြင်နိုင်ရန် လူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အကောင်အထည်ဖော်ရေး ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်၍ ဖွံ့ဖြိုးရေးသဘောတရားများစသော သင်တန်းများ ချိတ်ဆက်ရယူလုပ်ဆောင်ရန် လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

စုစုပေါင်းလယ်မြေ (၂၇၀)ဧက၊ ယာမြေ (၁၂၈၀)ဧက ရှိပါသည်။ လယ်မြေ(၁၆၁)ဧကခန့်သာ ကင်းတာဆည်မှ ဆည်ရေရ၍ မိုးစပါးစိုက်ပျိုးထုတ်လုပ်နိုင်ပြီး၊ ကျန်လယ်ယာမြေဧကများသည်

မိုးကောင်းသောက် ဧကများဖြစ်ပါသည်။ လယ်သမားများသည် စပါး၊ နှမ်း၊ မြေပဲ၊ ပဲစဉ်းငုံ၊ ကုလားပဲ နှင့် နွားစာပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ နှစ်စဉ်မိုးခေါင်သောကြောင့် စိုက်ပျိုးထုတ်လုပ်မှု သေချာခြင်းမရှိဘဲ၊ အထွက်နှုန်းလျော့နည်းပါသည်။ ဆစ်ပိုး၊ ရွက်လိပ်ပိုး၊ သီးလုံးဖောက်ပိုးများသည် သီးနှံစိုက်ပျိုးမှုတွင် အဓိကကျရောက်လေ့ရှိပါသည်။ ကျေးရွာတွင် လယ်ယာသုံးကိရိယာ လုံလောက်ပါ သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အခြေအနေကောင်းများ (ဆည်ရေလုံလောက်စွာရရှိရေး၊ မြေအောက်ရေစမ်းသပ်တူးဖော်စိုက်ပျိုးခြင်း၊ မိုးရေလှောင်ကန်များတူးဖော်ခြင်း)၊ စိုက်ပျိုးရေးနည်းပညာကောင်းများ ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေးရင်းနှီးမတည်ငွေများ လုံလောက်စွာရရှိရန် ချိတ်ဆက်ခြင်းစသော လုပ်ဆောင်ရန် လိုအပ်ပါမည်။

အိမ်ထောင်စုအများစုသည် ခိုင်းနွား၊ နို့စားနွားများ၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများကို မွေးမြူကြပါသည်။ ခိုင်းနွားများကို လယ်ယာလုပ်ငန်းခွင်တွင်သုံးရန် အဓိကမွေးမြူကြပါသည်။ ဝက်နှင့်ကြက်များကို မိသားစုအပိုဝင်ငွေရရန် တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ နို့စားနွားမွေးမြူရေးသည် ဒေသနှင့်ကိုက်ညီပြီး၊ မိသားစုဝင်ငွေရနိုင်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ လုံလောက်သော ရင်းနှီးမတည်ငွေမရှိခြင်း၊ လက်လှမ်းမမှီခြင်းတို့ကြောင့် အိမ်ထောင်စုများသည် စီးပွားဖြစ် မမွေးမြူနိုင်ကြပါ။ ကျေးရွာတွင် ရေလုပ်ငန်းမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြင်းသည်ကျေးရွာတွင် လှည်းလုပ်ငန်း၊ နွားနို့လုပ်ငန်း၊ ယက္ကန်း၊ လက်ဖက်ရည်ဆိုင်၊ ဆီဆိုင်၊ အလှပြုပြင်ရေးဆိုင်၊ အခြားကျွမ်းကျင်မှုလုပ်ငန်းများ စသောအမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရှိပါသည်။ ကျေးရွာအတွင်းနှင့် နီးစပ်ရာကျေးရွာများမှ လယ်သမားအများစုသည် စိုက်ပျိုးထုတ်ကုန်များ သယ်ယူရာတွင် လှည်းကိုသာအဓိက အသုံးပြုကြ၍ ဈေးကွက်အာမခံချက်ရှိပြီး အလားအလာရှိသောလုပ်ငန်း တစ်ခုဖြစ်ပါသည်။ လုပ်ငန်းသည် သစ်ကိုအခြေခံလုပ်ရ၍ အရင်းအနှီးမြင့်မားခြင်း၊ သစ်အသုံးမပြုရန် တရားဥပဒေအရ တားမြစ်ထားခြင်းစသော အခက်အခဲများ ရှိပါသည်။ လက်ယက္ကန်းသည်လည်း ဝင်ငွေရနိုင်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရ၍ လက်ယက္ကန်းမှ စက်ယက္ကန်းအဖြစ်တိုးချဲ့နိုင်ပြီး၊ အရင်းအနှီးမတည်နိုင်ပါက ကိုယ်ပိုင်တံဆိပ်ဖြင့် ဈေးကွက်ချဲ့ထွင်လုပ်ကိုင်လာနိုင်ပြီး၊ ကျေးရွာအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရလာနိုင်ပါသည်။ ကျေးရွာသူ/သားများသည် နို့စားနွားမွေးမြူခြင်းကို စီးပွားဖြစ်မွေးမြူ၍ နို့နှင့်ဆက်စပ်သောလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာမည်ဆိုလျှင် မိသားစုဝင်ငွေ တိုးလာပါမည်။ ကျေးရွာသည်မန္တလေး၊ မြင်းခြံလမ်းပေါ်တွင်တည်ရှိ၍ စားသောက်ဆိုင်လုပ်ငန်း၊ ဆီပန့်ဆိုင်များ၊ ဆိုင်ကယ်ပြင်ဆိုင်များစသော အခြားလုပ်ငန်းများကို အသေးစားမှ အကြီးစားအဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ထို့ကြောင့် စီးပွားရေးကဏ္ဍတိုးတက်ရန် အရင်းအနှီးများ၊ သက်မွေးသင်တန်းများစသော အစီအစဉ်များအကောင်အထည်ဖော်လုပ်ဆောင်ရန် လိုပါမည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

မြင်းသည်ကျေးရွာသည် သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပြဿနာများစွာမရှိပါ။ ဓာတုပိုးသတ်ဆေးများကို သုံးစွဲမှုနည်းပါးပြီး နွားချေးကို အဓိကအသုံးပြုကြပါသည်။ မြေပြန့်လွင်ပြင်တွင်တည်ရှိ၍ မြေဆီလွှာတိုက်စားခြင်း၊ မြေဆီလွှာပျက်ဆီးခြင်း စသော ပြဿနာများ မကြုံတွေ့ရပါ။ လယ်သမားများသည်လည်း သုံးစွဲပြီးသော ပိုးသတ်ဆေးဗူးများ၊ အခွံများ၊ အိတ်များကို မြေမြှုပ်လေ့ရှိကြပါသည်။ သို့သော်ကျေးရွာအနီး(၁၅၀)ပေခန့်တွင် ရေနုံဂက်စ်ပိုက်လိုင်းသည် ယိုစိမ့်နေပြီး၊ အနီးအနားရှိ စိုက်ပျိုးမြေများသို့ ပျံ့နှံ့လျက်ရှိပါသည်။ ရေရှည်တွင် လူ၊ တိရစ္ဆာန်၊ ပတ်ဝန်းကျင်ထိခိုက်မှုရှိလာနိုင်ပါသည်။ နှစ်ရှည်ပင်သီးနှံများဖြစ်သော သနပ်ခါး၊ သရက်များစိုက်ပျိုးသင့်ပြီး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသကဲ့သို့ ရေမြေရာသီဥတုလည်း သင့်တော်ပါသည်။

(င) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပဂ်မြန်မာအသေးစားချေးငွေ အစီအစဉ်စသော အဖွဲ့အစည်းများမှ ချေးငွေလက်လှမ်းမှီပါသည်။ လယ်ယာမြေပုံစံ (၇)ရှိသော လယ်သမား (၃၀)ဦးခန့်သာ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေခံစားခွင့်ရှိပါသည်။ ဘဏ်မှပေးသော ချေးငွေသည် လယ်သမားများအတွက် မလုံလောက်၍ လယ်သမားများသည် လယ်သမားကြီးများ၊ ပုဂ္ဂလိကငွေချေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူကြပါသည်။ သို့သော် လိုသလောက်ချေး၍ မရဘဲအပေါင်ပစ္စည်းပေါ်မူတည်၍ ချေးပါသည်။ အခြားချေးငွေ ရနိုင်သောနေရာများသည် ပဂ်မြန်မာချေးငွေအဖွဲ့မှ ဖွဲ့စည်းထားသော ကြံတိုင်းအောင်၊ တိုးတက်အောင် အသေးစားလှည့်ပတ်ချေးငွေ စုငွေအဖွဲ့များ ဖြစ်ပါ သည်။ အဖွဲ့ဝင်တစ်ဦးကို (၅၀၀၀၀)ကျပ် ချေးနိုင်ပြီး၊ အပတ်စဉ်တိုး၊ လစဉ်တိုးဖြင့် ချေးနိုင်ပါသည်။ အဖွဲ့ဝင်များအတွက် အတိုးနှုန်းသည် (၂)ကျပ် သတ်မှတ်ထားပြီး၊ အဖွဲ့ဝင်မဟုတ်သူများ ချေးပါက (၅)ကျပ် အတိုးနှုန်းသတ်မှတ်ထားပြီး၊ အပေါင်ပစ္စည်းပြရန်လိုအပ်သလို၊ အာမခံပေးသူလိုအပ်ပါသည်။ အရင်းအနှီးလုံလောက်ရန် ပိုမိုကောင်းမွန်အဆင်ပြေသော အခြားချေးငွေ ရနိုင်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်သွားရန် လိုအပ်ပေမည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိပြီး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးလက်လှမ်းမှီမှုရှိပါသည်။ တပည့်ဆရာအချိုး (၁၉)ဦး၊ (၁)ဦးဖြင့် သင်ကြားနေ၍ လုံလောက်ပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်း မရှိသလောက်နည်းပါးပါသည်။ ၂၀၁၅-၁၆ ပညာသင်နှစ်တွင်မူ ကျောင်းသား/သူဦးရေများပြားလာ၍စာသင်ခုံ၊ သင်ကြားရေးအထောက် အကူပြုပစ္စည်းများ မလုံလောက်ပါ။ ကျောင်းခြံစည်းမရှိသကဲ့သို့ ကျောင်းပရဝဏ်သည် ကျဉ်းမြောင်းပြီး ကျောင်းအားကစားကွင်း လည်းမရှိပေ။ ကျေးရွာတွင် ရဲစခန်းမရှိခြင်း၊ အထက်တန်းကျောင်းသည် ဖွင့်လှစ်သည်မှာ မကြာသေးခြင်းစသော အကြောင်းများကြောင့် စာစစ်ဌာနပွင့်ရန်ခက်ခဲမှုရှိနိုင်ပါသည်။ ထို့ကြောင့်လိုအပ်သော ကျောင်းသုံးပရိဘောဂများ၊ ကျောင်းအဆောက်အဦးများ၊ စာစစ်

ဌာနများကို သက်ဆိုင်ရာပညာရေးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပေမည်။

မြင်းသည်ကျေးရွာအနီးတွင် ရေကမိုးကျေးလက်ဆေးပေးခန်းရှိ၍ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုအတွက် လက်လှမ်းမှီပါ သည်။ ၎င်းဆေးခန်းတွင် ကျန်းမာရေးမှူး (၁) ဦး၊ သူနာပြု (၁)ဦး၊ အရံသားဖွား(၁)ဦးရှိပါသည်။ တံတားမြို့နယ် ပြည့်သူ့ဆေးရုံသည်လည်း(၇)မိုင် ခန့်သာဝေး၍ ဘက်စ်ကား၊ ဆိုင်ကယ်များဖြင့် အလွယ်တကူသွားလာနိုင်ပါသည်။ သူနာပြုဆရာမသည် ဆေးခန်းတွင်ထိုင်ပေးပြီး၊ ကျန်းမာရေးဝန်ဆောင်မှု ပေးပါသည်။ ကျေးလက်ဆေးပေးခန်းသည် တာဝန်ခံကျေးရွာ အားလုံးအတွက် လုံလောက်မှုမရှိ၍ ကလေးမီးဖွားရေး၊ အခြားအရေး ပေါ် လူနာများအတွက်မူ ခက်ခဲမှုရှိပါသည်။ ထိုအခါမျိုးတွင် တံတားမြို့နယ် ပြည်သူ့ ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းများသို့ သွားရောက်ကုသမှုခံယူရပါသည်။ ကျေးရွာတွင် ဆေးပညာဗဟုသုတရှိပြီး၊ ဆေးစုံ လင်စွာရနိုင်သော ဆေးဆိုင် မရှိပါ။ ကျေးလက်ဆေးပေးခန်းတွင် မွေးလူနာများအတွက် မွေးခန်း၊ ဆေးပစ္စည်းများအာနိသင်ပြည့် သိုလှောင်နိုင်ရန်အအေးခန်းမရှိပါ။ ထို့ကြောင့် ကျေးရွာတွင် လျှပ်စစ်မီးလက်လှမ်းမှီမှုရှိ၍ ပိုမိုပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများရရှိရန် အအေးခန်း၊ မွေးခန်းများဆောက်လုပ်ရန် ချိတ်ဆက်လုပ်ကိုင်ရန် လိုအပ်ပေမည်။

မြင်းသည်ကျေးရွာတွင် အဝီစိတွင်း (၉၁)တွင်း၊ မိုးရေလှောင်အုတ်ကန် (၅၀)ရှိပြီး၊ အိမ်သုံးရေအတွက် တစ်ရာသီလုံး လုံလောက်ပါသည်။ သောက်သုံးရေအတွက် ရနိုင်သောရေတွင်း(၂) တွင်း သာရှိ၍ သောက်သုံးရေအတွက် မလုံလောက်ပေ။ ကျေးရွာပြင်ပနေရာများတွင် ရေတွင်းတူးရန် လွယ်ကူသော်လည်း ကျေးရွာအတွင်းတွင်မူ ရေတွင်းတူးရန်ခက်ခဲပါသည်။ ထို့ကြောင့် တစ်ရာသီ ပတ်လုံးသောက်သုံးရေ လုံလောက်မှုရရန် ရေချိုရသောသောက်ရေတွင်း (၂)တွင်းမှ ရေပိုက်ဖြင့် သွယ်တန်းရေ သွယ်ယူနိုင်ပါသည်။ ထို့အပြင် မြေအောက်ရေတွင်းများကိုလည်း သက်ဆိုင်ရာဌာနများမှ နည်းပညာများရယူ၍ တူးဖော်လုပ်ဆောင်ရန် လိုအပ်ပေမည်။ ကျေးရွာအိမ်ထောင်စု အများစုသည် ယင်လုံအိမ်သာ သုံးစွဲကြသော်လည်း၊ အချို့သည်တောထိုင်၊ တွင်းအိမ်သာများကို သုံးစွဲနေပါသေးသည်။ အိမ်သာဆောက်လုပ်သုံးစွဲရန် အသိပညာနည်းပါးခြင်း၊ မြေနေရာအခက်အခဲ ရှိခြင်းစသော အကြောင်းများကြောင့်ဖြစ်သည်။ အသိပညာနည်းပါးသော အိမ်ထောင်စုများကို ကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ယင်လုံအိမ်သာများပြုလုပ်သုံးစွဲခြင်း စသော လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်ပေမည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား

လူငယ်များသည် ကျေးရွာလူမှုစီးပွားရေးလုပ်ငန်းများတွင် ပရဟိတစိတ်ဓါတ်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ကျေးရွာဘောလုံးကွင်းမရှိဘဲ လူငယ်လူရွယ်များသည် နေရာလွတ်များတွင် ဘောလုံး၊ ဘောလီဘော၊ ခြင်းလုံးခတ်ခြင်း ကစားကြပါသည်။ ကျေးရွာတွင် သီးသန့်လူငယ်ဖျော် ဖြေပွဲရုံများမရှိဘဲ လက်ဖက်ရည်ဆိုင်များတွင် စကိုင်းနက်စသော အစီအစဉ်များမှ ဘောလုံးပွဲကြည့်ခြင်း၊ အခြားဖျော်ဖြေပွဲအစီအစဉ်များကြည့်ခြင်းဖြင့် အပန်းဖြေနိုင်ကြပါသည်။

လူငယ်များသည် သီတင်းကျွတ်မီးထွန်းပွဲ၊ ကျေးရွာဘုရားပွဲ၊ အတာသင်္ကြန်ပွဲများတွင် ပါဂင်ဆင်နွှဲနိုင်ကြပါသည်။ လူငယ်များအတွက် ဘာသာယဉ်ကျေးမှုများ ထိန်းသိမ်းလာနိုင်စေရန် ဓမ္မစကူးလ်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ပို့ချရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ လူငယ်လူရွယ်များ အသိပညာဗဟုသုတများ ဖွံ့ဖြိုးလာစေရန် စာပေဟောပြောပွဲများ၊ ဆွေးနွေးပွဲများဖန်တီးပေးရန် လိုအပ်ပါမည်။

(၈) အခြေခံအဆောက်အဦ - လက်လှမ်းမှီရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

မြင်းသည်ကျေးရွာသည် မန္တလေး၊ မြင်းခြံလမ်းပေါ်တွင်တည်ရှိ၍ တံတားဦးမြို့၊ မန္တလေးမြို့များသို့ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ ဘက်စ်ကားများဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး၊ မိုးရာသီမှလွဲ၍ ကျန်အချိန်များတွင် သွားလာရ လွယ်ကူပါသည်။ မြင်းသည်ကျေးရွာသည် ၂၀၀၄ ခုနှစ်မှစ၍ နိုင်ငံတော်ဓါတ်အားလိုင်းမှ လျှပ်စစ်စွမ်းအားကို လက်လှမ်းမှီခဲ့ပါသည်။ အိမ်ထောင်စု (၁၄၅)စုသာ လျှပ်စစ်မီးသွယ်တန်း အသုံးပြုနိုင်ပြီး၊ ကျန်အိမ်ထောင်စုများသည် ဆင်းရဲ၍အသုံးမပြုနိုင်ကြပါ။ ထို့ကြောင့် ၎င်းအိမ်ထောင်စုများသည် ဆိုလာမီး၊ ဘက်ထရီမီး၊ ဒီဇယ်အင်ဂျင်မီးကို အသုံးပြုကြပါသည်။ ကော်မတီသည် လမ်းဘေးမီးတိုင်များ၊ မီးသီးများ ပြုပြင်ထိန်းသိမ်းရန် တစ်အိမ်ထောင်လျှင် (၃၀၀)ကျပ်နှုန်းဖြင့် ရံပုံငွေကောက်ခံလျက်ရှိပါသည်။ ဆင်းရဲသားအိမ်ထောင်စုများ လျှပ်စစ်မီး မသွယ်တန်းနိုင်သည်ကလွဲ၍ အခြားပြဿနာကြီးကြီးမားမားမရှိပေ။ မြင်းသည်ကျေးရွာသူ/သားများသည် တယ်လီဖုန်းဆက်သွယ်မှုကို အဓိကအသုံးပြုကြပါသည်။ တယ်လီနောတာဝါတိုင်သည် ကျေးရွာအနီးတွင်ရှိ၍ ဆက်သွယ်မှုကွန်ယက်ကောင်းပါသည်။

(၈၂) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာတွင်ပဋိပက္ခများ၊ ရာဇဝတ်မှုများ ကြီးကြီးမားမားမဖြစ်ဖူးပါ။ ကျေးရွာသည်တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ကျေးရွာတွင် အရံမီးသတ်တပ်ဖွဲ့ရှိပြီး၊ မီးဘေးအန္တရာယ်နှင့် အခြားသဘာဝဘေးအန္တရာယ်အတွက် ကျေးရွာကို အမြဲအသိပေးလှုံ့ဆော်လျက်ရှိပါသည်။ မြို့နယ်ရဲစခန်းသည် ကျေးရွာမှ (၇)မိုင်ခန့်သာဝေး၍ တယ်လီဖုန်းဆက်သွယ်မှုမှတဆင့် အလွယ်တကူ ဆက်သွယ်နိုင်ပါသည်။ ကျေးရွာသည် ဘေးအန္တရာယ်ကင်းဝေး၍ လုံခြုံမှုရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကွင်းဆင်းတွေ့ရှိချက်များ၊ အမြင်များကိုအခြေခံ၍ မြင်းသည်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

(က) မြင်းသည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် ကင်းတားဆည်မှ ဆည်ရေရရှိစိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရေးရှေ့တန်းစခန်းရှိ၍ စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမှီပါသည်။ တနိုင်တပိုင်မွေးမြူရေးအတွက် မွေးမြူရေးအစာပေါများ သက့ဲသို့ မြဘုရင်နို့ချက်စက်ရုံလက်လှမ်းမှီ၍ နို့စားနွားမမွေးမြူခြင်းကို တိုးချဲ့မွေးမြူနိုင်ပါသည်။ လှည်းလုပ်ငန်း နှင့်ပက်သက်၍ ကျွမ်းကျင်လုပ်သားပေါများစွာရှိပါသည်။ ကျေးရွာကလေးသူငယ်များအတွက် အခြေခံပညာ အခြေခံပညာအထက်တန်းကျောင်းရှိပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံအုပ်ချုပ်မှုကဏ္ဍတွင် ပါဝင်နိုင်ရန် ဘွဲ့ရပညာတတ်လူငယ်များ ရှိပါသည်။ ကျေးရွာရှိကျန်အိမ်ထောင်စုများ လျှပ်စစ်မီးသွယ်တန်းနိုင်ရန် လက်ရှိလျှပ်စစ်မီးရရှိသုံးစွဲနေကြပါသည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ၊ စိန်ခေါ်မှုများလည်းရှိပါသည်။ ကင်းတားဆည်မှဆည်ရေရရှိသော်လည်း မလုံလောက်ပါ။ နှစ်စဉ်မိုးခေါင်ဒဏ်ကို တွေ့ကြုံရပါသည်။ တနိုင်တပိုင်မွေးမြူရေးလုပ်ကိုင်ရန် မွေးမြူရေးနည်းစနစ်များ လက်လှမ်းမှီမှုနည်းပါးခြင်း၊ ချေးငွေလုံလောက်စွာမရရှိပါ။ လှည်းလုပ်ငန်းအတွက် သစ်ကိုဥပဒေအရတားမြစ်ထားခြင်း၊ လွတ်လပ်စွာအသုံးမပြုနိုင်ခြင်း၊ စက်ယက္ကန်းတိုးချဲ့လုပ်ကိုင်ရန် အရင်းအနှီးကြီးမား၍ မတိုးချဲ့နိုင်ပါ။ ကျေးရွာတွင် တက္ကသိုလ်ဝင်အတန်းအတွက် စာစစ်ဌာနမပဖွင့်သေး၍ တံတားဦးမြို့သို့ သွားရောက်ဖြေဆိုရပါသည်။ သောက်သုံးရေအတွက် နွေရာသီတွင် ရှားပါးမှုဖြစ်ပါသည်။ လူငယ်လူရွယ်များ စာဖတ်အလေ့အထနည်းကြပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုနည်းကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရနေသော်လည်း အချို့အိမ်ထောင်စုများသည် ဆင်းရဲ၍ သွယ်တန်းနိုင်ခြင်းမရှိကြပါ။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ မြင်းသည်ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် (၃)ချက်ကို ရေးဆွဲထားပါသည်။

(၁) စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်း ဖြင့် မိသားစုများ ဝင်ငွေတိုးလာစေရမည်။

(၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းနှင့်အတူ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရမည်။

(၃) လူငယ်လူရွယ်များ ပညာရေးတတ်မြောက်မှုပြည့်စုံလာခြင်းနှင့် လူထုတစ်ရပ်လုံး ကောင်းမွန်သောအခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ ရလာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာ ဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာအခြေပြုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေး ဆိုင်ရာစီမံအုပ်ချုပ်မှု မြှင့်တင်ပေးရန် စီမံအုပ်ချုပ်မှု၊ ငွေရေးကြေးရေးစီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု သဘောတရားများ ဖွံ့ဖြိုးစေခြင်း၊ သင်တန်းများပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးသဘောတရားသင်တန်းများ ချိတ်ဆက်ခြင်း၊ ကျေးရွာလူထုအခြေပြု စီမံချက်များ စုပေါင်းလုပ်ဆောင်ခြင်း၊ ကျေးရွာအခြေပြုအဖွဲ့များအချင်းချင်း ချိတ်ဆက်မှုကောင်းမွန်လာရန်လုပ်ဆောင်ခြင်းများ လုပ်ဆောင်ပါမည်။

(၂) စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ကင်းတားဆည်မြောင်းရေ လုံလောက်စွာရရန် ချိတ်ဆက်ခြင်း၊ မြေအောက်ရေ၊ မိုးရေလှောင်ကန်များ စမ်းသပ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းပညာလက်လှမ်းမီရန် ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်ရန် ချိတ်ဆက်ခြင်း၊ ချေးငွေလုံလောက်ရန် ချေးငွေရနိုင်သော အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ သယ်ယူနိုင်ရန် ဆည်ဘောင်လမ်း ပြုပြင်ခြင်းများ လုပ်ဆောင်ပါမည်။ မိသားစုဝင်ငွေတိုးစေရန် မွေးမြူရေးတိရိစ္ဆာန် များတိုးချဲ့မွေးမြူရန် အရင်းအနှီးရနိုင်သော ချေးငွေ အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ခြင်း၊ မွေးမြူရေးနည်းပညာ၊ ကာကွယ်ဆေးများ လက်လှမ်းမှီရန် တိ/ကုဌာနနှင့် ချိတ်ဆက်ခြင်း၊ နို့စားနွားမ စီးပွားဖြစ်မွေးမြူခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်ချိတ်ဆက်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်ခြင်း (ဝက်၊ ကြက်၊ ဆိတ်)၊ ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ဆောင်ခြင်းများလိုပါမည်။

(၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်ရင်းနှီး မတည်ငွေအတွက် ချေးငွေရနိုင်သောအစိုးရ၊ ပုဂ္ဂလိကဘဏ်များ၊ အခြားချေးငွေအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ စျေးကွက်ချဲ့ထွင်ခြင်း (လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍများ)၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ ချိတ်ဆက်ခြင်း၊ လှည်းလုပ်ငန်းတွင် သစ်အသုံးပြုနိုင်ရန် လိုင်စင်များရရှိရန် လုပ်ဆောင်ခြင်းများ လို အပ်ပါမည်။

(၄) ကျေးရွာလူထုများ ပိုမိုကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် တစ်နှစ်ပတ်လုံးသောက်သုံးရေ လုံလောက်စွာရရှိရန် ကျေးရွာတွင်းလမ်းများတွင် ရေနူတ်

မြောင်းများတည်ဆောက်ခြင်း ကျေးလက်ကျန်းမာရေး ဆေးခန်းတွင် ဆေးသို လှောင်ရန် အအေးခန်းများ၊ မွေးခန်းများတည်ဆောက်ခြင်း ရေပိုက်လိုင်းများ၊ ရေလှောင်အုတ်ကန်များတည်ဆောက်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်ခြင်း အခြေခံကျန်းမာရေး စောင့်ရှောက်မှုအသိများရလာစေရန် လုပ် ဆောင်ခြင်းများ လုပ်ဆောင်ပါမည်။

(၅) ပျော်ရွှင်ဖွယ်ကောင်းသော ပညာရေးပန်းကျင် အခြေအေနများ ဖန်တီးပေးရန် ကျောင်းအားကစားကွင်းများ တည်ဆောက်ခြင်း၊ ကျောင်းအဆောက်အဦ၊ စာသင်ခုံ၊ ပရိဘောဂများ ပြည့်စုံရန် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ မူကြိုကျောင်းများ ဖွင့်လှစ် သင်ကြားခြင်းသင်ထောက်ကူပစ္စည်းများပြည့်စုံရန်လုပ်ဆောင်ခြင်းများလုပ်ဆောင် ပါမည်။

(၆) ဆင်းရဲသားအိမ်ထောင်စုများ လျှပ်စစ်မီး လက်လှမ်းမှီရန် လုပ်ဆောင်ရန် မီးသွယ်တန်းနိုင်ရန် မီးလင်းရေး ကော်မတီမှ မီးကြေးကို လျော့နည်း ကောက်ခံခြင်း၊ ကျေးလက်ဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းများ လုပ် ဆောင်ပါမည်။

(၇) လူငယ်များနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးလာရန် လုပ်ဆောင်ရန် စာကြည့်တိုက်များ တည်ဆောက်ခြင်း စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ အခြေခံ ကျွမ်းကျင်မှုသင်တန်းများ ချိတ်ဆက်လုပ်ဆောင်ခြင်း (ကွန်ပြူတာ၊ အင်္ဂလိပ်စာ) ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများထိန်းသိမ်းလာနိုင်စေရန် ဓမ္မစကူးလ်များ၊ ယဉ်ကျေးလိမ္မာသင်တန်းများ လုပ်ဆောင်ခြင်းများ ရှိပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင်မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာ များအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါ ဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများလုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ ဒေသအဆင့်မူဝါဒနှင့် အစီအစဉ်ကျ သော ချိတ်ဆက်မှုများ လုပ်ဆောင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော မြို့နယ်အဆင့် ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

မြင်းသည်ကျေးရွာသည် စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီးပါသည်။ ကင်းတားဆည်ရေလက်တံမြောင်းသည် ကျေးရွာအနီးတွင်ရှိသော်လည်း လက်တံမြောင်းသည် ဆည်အဖျားပိုင်းတွင် တည်ရှိသောကြောင့် စိုက်ပျိုးရေးအတွက် ဆည်ရေ မလုံလောက်ခြင်း၊ ဆည်ရေလွှတ်ချိန် မမှန်ခြင်းစသော အခက်အခဲများ ရင်ဆိုင်ရပါသည်။

ဆည်မြောင်းဌာနအနေဖြင့် ဆည်ရေလွှတ်ချိန်၊ ဆည်ရေလှောင်နိုင်မှုပမာဏတို့ ကိုချိန်ဆ၍ ဆည်မြောင်းလက်တံနှင့်ဝေးသော ၎င်းဒေသများအတွက် ရေလုံလောက်စွာပေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်းကျဆင်းလာပါသည်။ စိုက်ပျိုးရေးပညာပေး ဌာနတွင် ဖန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန်းမဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဖန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက် လျာထားချက်များထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။ သုတေသနလုပ်ငန်းများကိုလည်း ကွင်းအတွင်းမှ ပညာပေးဖန်ထမ်းများ၏ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ဆောင်နိုင်ရပါမည်။

(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာသူသားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဖင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် မတည်ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ အဖြစ်များသော တိရစ္ဆာန်ရောဂါများ ကာကွယ်နိုင်ရန် ပုံမှန်ကာကွယ်ဆေး ထိုးခြင်းစသော အစီအစဉ်များ၊ မူဝါဒများ ချိတ်ဆက်ရန် လိုပါမည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက်အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးလက်ဒေသရှိလူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင်လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အရည်ချင်းပြည့်ဝသော၊ လုံလောက်သော ဆရာ၊ ဆရာမ များဖြည့်ဆည်းပေးရန် လိုပါမည်။

ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစားစီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော၊ လက်လှမ်းမှီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ကျေးလက်ဒေသများသည် မြို့များနှင့် နိုင်းယှဉ်ပါက စီးပွားရေးအဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည် နှေးကွေးပါသည်။ ဘဏ်လုပ်ငန်း များ၊ အခြားငွေရေးကြေးရေးမူဝါဒများကို ကျေးလက်ဒေသကို အခြေပြု၍ ပုဂ္ဂလိက ကဏ္ဍများနှင့် ပူးပေါင်းလုပ်ဆောင်ရပါမည်။

ထို့ကြောင့် ကျေးလက်ဒေသရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာမူဝါဒနှင့်အစီ အစဉ် ချိတ်ဆက်မှုများကို စီမံအုပ်ချုပ်မှုအဆင့်အလိုက် လုပ်ဆောင်ရပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်း ဗျူဟာသည်အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ် မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ပွားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ-ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

မြင်းသည်ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယား တွင် ဖော်ပြထားပါသည်။

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၁။ စိုက်ပျိုးရေး ၁.၁ စိုက်ပျိုးရေး	၁။ ကင်းတားဆည်မြောင်းရေနှင့် အခြားမြေ အောက်ရေများမှ စိုက်ပျိုး ရေ လုံလောက်စွာ ရရန်	၁၀၀	၁	ကင်းတားဆည်ရေ လုံလောက်စွာ ရရန် ဆည်မြောင်း ဌာနနှင့် ချိတ်ဆက်ခြင်း၊ အခြား စိုက်ပျိုး ရေအရင်းအ မြစ်များ မြေအောက် ရေစမ်းသပ်စိုက်ပျိုးခြင်း၊ မိုးရေ လှောင်ကန်များ တူးဖော်ခြင်း၊ ကျေးရွာပိုင် ပြည်တော် သာ ကန်ကို ပြုပြင်သုံးစွဲခြင်း၊ ဖြင့် စိုက်ပျိုး ရေ လုံ လောက်စွာရရှိလာပြီး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် လာ မည်။	
၂။စိုက်ပျိုးမွေးမြူ ရေး မဟုတ်သော လုပ်ငန်း များ ၂.၁ ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်း များ	၁။ ဒေသထွက် ကုန်ကြမ်းများကို အခြေခံ သောအသေးစား ထုတ်ကုန် စီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင် ခြင်းနှင့် စီးပွား စီမံ ခန့် ခွဲမှုနှင့် ကျွမ်းကျင်မှုများ တိုးမြှင့်ခြင်း	၉၂	၂	ကျေးရွာအဆင့် စီးပွားရေး လုပ်ငန်းများ မြှင့်တင် ရန် အသေးစားလုပ်ငန်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင် များ နှင့် ချိတ်ဆက် ခြင်း၊ အခြေခံကျွမ်းကျင်မှု သင် တန်း များ လက်လှမ်းမှီနိုင်ရန် ကျေးလက်၊ အိမ်တွင်းစက်မှု လက် မှုလုပ်ငန်းများနှင့် ချိတ်ဆက် ခြင်း၊ လှည်းလုပ် ငန်းများတွင် သစ် တရားဝင်အသုံးပြုနိုင်ရန် မူဝါ ဒ အဆင့် ပြောင်းလဲနိုင်ရန် တင်ပြ ခြင်း။ ကျေးရွာတွင် လျှပ်စစ်မီးရ၍ လက်ယက်ကန်းမှ စက်ယက်ကန်းအ ဖြစ်တိုး မြှင့် လုပ်ဆောင်ခြင်း၊ အခြားဒေသများသို့ ဈေးကွက် များ ချဲ့ထွင်ခြင်းများ လုပ်ဆောင်ရမည်	ကျေးလက်ဦးစီး
၃။ ချေးငွေ	၁။ ကျေးရွာအခြေပြု ငွေစုငွေချေး အသင်း များ တည်ထောင်၍ ငွေကြေး အဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း	၉၀	၃	ပြည်တွင်းပြည်ပ ချေးငွေရနိုင် သော အဖွဲ့အစည်းများ နှင့်ချိတ် ဆက်ခြင်းကျေးရွာအခြေပြု ချေး ငွေ စုငွေ အစီအစဉ်များ ထူထောင် ခြင်း	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၄။ လျှပ်စစ်စွမ်းအား ၄.၁ မဟာဓါတ်အား လိုင်း	၁။ ဆင်းရဲသောအိမ်ထောင်စုအားလုံး လျှပ်စစ်မီးလက်လှမ်းမှီရန်	၈၄	၄	ဆင်းရဲမိသားစုများအတွက် အရစ် ကျစနစ်ဖြင့် မတည် ငွေကို လျော့ကျ ကောက်ခံခြင်း၊ လျှပ်စစ် မီးသွယ် တန်းနိုင်ရန် ကျေးလက် ဌာနနှင့် ချိတ်ဆက်ခြင်း ခန့် မှန်းကုန်ကျစရိတ် တွက်ချက်၍ ကျေးလက်၊ လျှပ်စစ် လုပ်ငန်း များထံ တင်ပြခြင်း ကျေးလက် ဖွံ့ ဖြိုး ရေးဘဏ်များမှ ချေးငွေ ရရှိ ရန် ချိတ်ဆက်ခြင်း	ကျေးလက်ဦးစီး
၅။ အလုပ်အကိုင်များ ဖန်တီးပေးခြင်း	၂။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း	၈၀	၅	လူငယ်များ အလုပ်အကိုင်အ ခွင့် အလမ်းများ ပေါများ လာ စေရန် အခြေခံကျွမ်းကျင်မှုသင် တန်း (အင်္ဂလိပ်စာ၊ ကွန်ပြူတာ) များ ချိတ်ဆက်ခြင်း၊ အလုပ် အ ကိုင်များအတွက် လုပ်ငန်းရှင်များ၊ ကျေးလက်ဌာန များနှင့် ချိတ် ဆက်ခြင်း	ကျေးလက်ဦးစီး
၆။ ကျန်းမာရေး နှင့် သောက်သုံးရေ ၆.၁ ကျန်းမာရေး	၁။ အခြေခံကျန်းမာရေး စောင့် ရှောက် မှု နှင့် ပန်ဆောင်မှုများမှ ကောင်းမွန်သော ကျန်းမာရေး အဆင့် အတန်း များ လက်လှမ်း မှီရန်	၇၉	၆	ကျန်းမာရေးအသိများ ဖွံ့ဖြိုးလာ စေရန် ကျန်းမာရေး ဌာနများ နှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာ တွင်းလမ်း များ တွင် ရေမပပ်၊ ခြင်မပေါက်ပွားနိုင်ရန် ရေနှုတ် မြောင်း များ တူးဖော်ခြင်း၊ ကျေးလက် ဆေးပေးခန်း တွင် ဆေးများ ရေ ရှည်သိုလှောင်နိုင်ရန်၊ အရည်သွေး ကောင်းမွန်ရန် အအေးခန်းများ တည်ဆောက်ခြင်း၊ မွေး လူနာများ အတွက် အဆင်ပြေရန် မွေးခန်း များ ဆောက် လုပ်ခြင်း၊	
၇။ အခြေခံ အဆောက် အဦ ၇.၁	၁။ စိုက်ပျိုးရေးထုတ်ကုန်များ သယ်ယူနိုင် ရန် ကုန်ထုတ်လမ်းများ တိုးတက်ကောင်း မွန်လာစေခြင်း	၇၇	၇	စိုက်ပျိုးထုတ်ကုန်များ လယ်ကွင်း များမှ လွယ်ကူစွာ သယ်ယူနိုင်ရန် ကျေးရွာအနီး ဆည်ဘောင်လမ်းကို ပြုပြင်ခြင်း၊ ဆည်မြောင်းဌာနကို ချိတ်ဆက် အကူအညီ	

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
ကုန်ထုတ်လမ်း				တောင်းခြင်း နည်းပညာငွေကြေးများအတွက် ကျေး လက် ဌာနနှင့်ချိတ်ဆက် လုပ်ဆောင်ခြင်း၊ ကျေးရွာ လယ်သ မားများကို စည်းရုံးလှုံ့ဆော်ခြင်း	
၈။ ရေနှင့် သန့်ရှင်းရေး	၂။ တစ်နှစ်ပတ်လည်း သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရန်	၇၂	၈	ကျေးရွာအတွင်း သောက်သုံးရေ နွေရာသီလုံလောက်ရန် နှင့် ခပ် ယူရာတွင် အဆင်ပြေရန် ကျေးရွာ တွင်းတွင် စက်ရေတွင်း တူးခြင်း၊ ရေသွယ်ရေပိုက်များ ပြုလုပ် ခြင်း၊ နည်းပညာ၊ ငွေကြေး ထောက်ပံ့မှု အတွက် ကျေး လက်၊ အခြား အန်ဂျီအိုများနှင့် ချိတ် ဆက်ခြင်း။	ကျေးလက်ဦးစီး
၉။ စိုက်ပျိုးရေး ၉.၁ သီးနှံ	၁။ စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်လာ ရန် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်ခြင်း	၇၀	၉	စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ခေတ်မှီစိုက်ပျိုး ရေးနည်းပညာများကို စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ စံပြ စိုက်ကွက်များ တောင်သူ ကွင်းများ တွင် ပူးပေါင်းလုပ်ဆောင်ခြင်း၊ မျိုးကောင်း မျိုးသန့်များ ကိုယ် တိုင်ထုတ်လုပ်စိုက်ပျိုးနိုင်ရန် ချိတ်ဆက်ခြင်း၊ မျိုးသန့်ခြံများ၊ ပုဂ္ဂလိကခြံများ နှင့် ချိတ်ဆက် ခြင်း၊ စိုက်ပျိုးရေးသွင်းအား စု များ အချိန်မှီအသုံးပြုနိုင်ရန် အသင်းအ ဖွဲ့များဖွဲ့စည်း၍ ပုဂ္ဂလိကကုမ္ပဏီ များချိတ်ဆက်ခြင်း၊ လုပ်ဆောင်ရမည်။	
၁၀။ မွေးမြူရေး ၁၀.၁ မွေးမြူရေး	၁။ တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာ စေ ခြင်း	၆၈	၁၀	မိသားစုဝင်ငွေတိုးရန်နှင့် စီး ပွားဖြစ်မွေးမြူရန် နို့စား နွားများ တိုးချဲ့မွေးမြူခြင်း၊ ဒေသနှင့် ကိုက်ညီသော ကြက်၊ ဝက်၊ ဆိတ် များကို တစ်နိုင်တစ်ပိုင်မှ စီးပွား ဖြစ် အထိ မွေးမြူနိုင်ရန်	

ကဏ္ဍ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
				မွေး မြူ ရေးဌာန၊ အခြားဌာနများ နှင့် ချိတ်ဆက်ခြင်း	
၁၁။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	၁။ လူငယ်များ အသိပညာဗဟုသုတ နှင့် အားကစားလှုပ်ရှားမှုများ တိုးတက်လာ စေရန် လုပ်ဆောင်ခြင်း	၆၆	၁၁	လူငယ်လူရွယ်များ ကိုယ်လက် လှုပ်ရှားမှုလုပ်နိုင်ရန် ကျေးရွာ ဘောလုံးကွင်းများ တည်ဆောက် ခြင်း၊ စာ ကြည့်တိုက် တည် ဆောက်ခြင်း၊ လူငယ်များ အသိပ ညာဗဟုသုတရရှိနိုင်ရန် စာပေဟောပြောပွဲ၊ ဆွေးနွေး ပွဲ များ ပြုလုပ်ပေး ခြင်း၊ စာအုပ်စာပေ၊ ဂျာနယ်များ လက် လှမ်းမှီရန် လုပ်ဆောင်ခြင်း၊ အားကာ၊ ပြန်ဆက်ဌာန များနှင့် ချိတ်ဆက်ခြင်း။ လူငယ်များ စာ ဖတ် သော အလေ့အ ထများ ထွန်း ကားလာစေခြင်းအပတ်စဉ်ထုတ် ဂျာနယ်များ၊ သတင်းများ လက် လှမ်းမှီလာရန် လုပ် ဆောင် ခြင်း ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးလ် များ ပြုလုပ်ပေးခြင်း	
၁၂။ ပညာရေး	၁။ ကလေးသူငယ်များအတွက် ပျော်ရွှင်ဖွယ် ကောင်းသော ပညာရေး ပတ်ဝန်းကျင် ကောင်းများ ရလာရန်	၆၅	၁၂	မူကြိုကျောင်း၊ ခြံစည်းရိုးများ သင် ထောက်ကူပစ္စည်း များ အကောင် အထည်ဖော်ခြင်း၊ ပညာရေးဌာန၊ လွတ် တော်ကိုယ် စားလှယ်များ နှင့် ချိတ်ဆက် ခြင်း၊ ပညာရေး ကော်မတီများ ဖွဲ့ စည်း၍ စွမ်းရည် မြှင့် တင်ပေး ခြင်း၊ စာစစ်ဌာန ဖွင့်လှစ်နိုင် ရန် ချိတ်ဆက် လုပ်ဆောင်ခြင်း	
၁၃။ ကုသရေး၊ ကာကွယ်ရေး	၂။ ပုံမှန် မွေးမြူရေးတိရစ္ဆာန်များ ကာ ကွယ် ဆေး၊ ကုသဆေးထိုးခြင်း စသော	၆၂	၁၃	မွေးမြူရေးလုပ်ငန်များ ကာကွယ် ရေးကုသရေး အခြေခံ များ သိလာ စေရန် တိကုဌာနများနှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာအဆင့်	

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
	အသိများ တိုးတက်လာစေရန်			အခြေခံမွေးမြူရေးလုပ်သားများ မွေးထုတ်ခြင်း	
၁၄။ စီမံအုပ်ချုပ်မှု ကဏ္ဍ	၁။ ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင် နိုင်ရန် ကျေးရွာအခြေပြု အဖွဲ့အစည်းများ စွမ်းရည်မြှင့် တင်ခြင်း	၆၀	၁၄	ကျေးရွာတွင် အဖွဲ့အစည်းများ အ ချင်းချင်းချိတ်ဆက် ဆောင် ရွက်မှု ကောင်းလာရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း၊ ရှိပြီးသား အဖွဲ့များကို ခေါင်း ဆောင် မှုသ ဘော တရား၊ ငွေကြေး စီမံခန့် ခွဲမှု၊ ဖွဲ့ စည်း ဆိုင်ရာ စီမံခန့်ခွဲမှု သဘောတရား သင် တန်း များ ချိတ်ဆက်ရယူခြင်း ဖြင့် စွမ်း ဆောင်ရည် မြှင့် တင်ခြင်း၊ ကျေးရွာအခြေပြု စီမံကိန်းများ ပူး ပေါင်း လုပ် ဆောင်ခြင်းများ ပြုလုပ် ရမည်။	ကျေးလက်ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့် အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁	ကင်းတားဆည်မြောင်းရေနှင့် အခြားမြေ အောက်ရေများမှ စိုက်ပျိုးရေ လုံလောက်စွာ ရရန် ဖွံ့ဖြိုးလာစေခြင်း	၁	√					
၂	ဒေသထွက် ကုန်ကြမ်းများကို အခြေခံ သောအသေးစား ထုတ်ကုန်စီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင် ခြင်းနှင့် စီးပွားစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုများ တိုးမြှင့်ခြင်း	၂	√					
၃	ကျေးရွာအခြေပြု ငွေစုငွေချေးအသင်း များ တည်ထောင်၍ ငွေကြေးအဖွဲ့ အစည်း များနှင့် ချိတ်ဆက်ခြင်း	၃	√					
၄	ဆင်းရဲသောအိမ်ထောင်စုအားလုံး လျှပ်စစ်မီးလက်လှမ်းမှီရန်	၄		√				
၅	အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း	၅		√				
၆	အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများမှကောင်း မွန်သော ကျန်းမာရေးအဆင့် အတန်းများ လက်လှမ်းမှီရန်	၆		√				
၇	စိုက်ပျိုးရေးထုတ်ကုန်များ သယ်ယူနိုင် ရန် ကုန်ထုတ်လမ်းများ တိုးတက် ကောင်း မွန်လာစေခြင်း	၇			√			ကျေးလက်ဦးစီး

စဉ်	စီမံချက်	ဦးစားပေးအဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၈	တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရန်	8			√			ကျေးလက် ဦးစီး
၉	စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်လာရန် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်ခြင်း	၉			√			
၁၀	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူ ရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း	၁၀				√		ကျေးလက် ဦးစီး
၁၁	လူငယ်များ အသိပညာဗဟုသုတ နှင့် အားကစားလှုပ်ရှားမှုများ တိုးတက်လာ စေရန် လုပ်ဆောင်ခြင်း	၁၁				√		
၁၂	ကလေးသူငယ်များအတွက်ပျော်ရွှင် ဖွယ် ကောင်းသော ပညာရေးပတ်ဝန်းကျင် ကောင်းများ ရလာရန်	၁၂			√			
၁၃	ပုံမှန် မွေးမြူရေးတိရိစ္ဆာန်များ ကာကွယ် ဆေး၊ ကုသဆေးထိုးခြင်းစသော အသိများ တိုးတက်လာစေရန်	၁၃			√			
၁၄	ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင် နိုင်ရန် ကျေးရွာအခြေပြု အဖွဲ့အစည်း များ စွမ်းရည်မြှင့်တင်ပေးခြင်း	၁၄			√			ကျေးလက် ဦးစီး

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲ ချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့်

ငွေကြေးအကူအညီများ ရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန်အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်းစာနာမှု အထောက်အပံ့
				ငွေလုံးငွေရင်းနှင့် ရင်းနှီးမြှုပ်နှံမှု	ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကင်းတားဆည်မြောင်းရေနှင့် အခြားမြေ အောက်ရေများမှ စိုက်ပျိုးရေ လုံလောက်စွာ ရရန် ဖွံ့ဖြိုးလာစေခြင်း			√		
၂	ဒေသထွက် ကုန်ကြမ်းများကို အခြေခံ သောအသေးစား ထုတ်ကုန်စီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင် ခြင်းနှင့် စီးပွားစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုများ တိုးမြှင့်ခြင်း			√		
၃	ကျေးရွာအခြေပြု ငွေစုငွေချေးအသင်း များ တည်ထောင်၍ ငွေကြေးအဖွဲ့ အစည်း များနှင့် ချိတ်ဆက်ခြင်း				√	
၄	ဆင်းရဲသောအိမ်ထောင်စုအားလုံး လျှပ်စစ်မီးလက်လှမ်းမှီရန်			√		
၅	အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း				√	
၆	အခြေခံကျန်းမာရေး စောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများမှကောင်း မွန်သော ကျန်းမာရေးအဆင့် အတန်းများ လက်လှမ်းမှီရန်			√		
၇	စိုက်ပျိုးရေးထုတ်ကုန်များ သယ်ယူနိုင် ရန် ကုန်ထုတ်လမ်းများ တိုးတက်ကောင်း မွန်လာစေခြင်း			√		
၈	တစ်နှစ်ပတ်လုံးသန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိရန်			√		

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန်အ သုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေ ရင်းနှင့် ရင်းနှီးမြှုပ်နှံမှု	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၉	စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်လာရန် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်ခြင်း				√	
၁၀	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူ ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာ စေ ခြင်း				√	
၁၁	လူငယ်များ အသိပညာဗဟုသုတ နှင့် အားကစားလှုပ်ရှားမှုများ တိုးတက်လာ စေရန် လုပ်ဆောင်ခြင်း				√	
၁၂	ကလေးသူငယ်များအတွက်ပျော်ရွှင်ဖွယ် ကောင်းသော ပညာရေးပတ်ဝန်းကျင် ကောင်းများ ရလာရန်			√		
၁၃	ပုံမှန် မွေးမြူရေးတိရိစ္ဆာန်များ ကာကွယ် ဆေး၊ ကုသဆေးထိုးခြင်းစသော အသိ များ တိုးတက်လာစေရန်				√	
၁၄	ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင် နိုင်ရန် ကျေးရွာအခြေပြု အဖွဲ့အစည်း များ စွမ်းရည်မြှင့်တင်ပေးခြင်း				√	
				၇	၇	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍လယ်သမား အဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါ သည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦး ဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်

တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်း အဝေးခွဲ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာ ထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂)မျက်နှာ၊ (၃)မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ

သူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(၁.၁)။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) မြင်းသည်ကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၁၇	၁၀	၂၇	၂.၅%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၈	၃၃	၆၁	၅.၆ %	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၃၉	၄၁	၈၀	၇.၄%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၄၄	၄၆	၉၀	၈.၃%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၃၆၅	၃၄၂	၇၀၇	၆၅.၁%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၄၀	၈၁	၁၂၁	၁၁.၁%	သက်ကြီးရွယ်ကြီး
စုစုပေါင်း:	၅၃၃	၅၅၃	၁၀၈၆	၁၀၀%	
အိမ်ထောင်စုပေါင်း:	၂၁၃				
ပျမ်းမျှမိသားစုဦးရေ	**၅.၁ ဦး**				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ရက်၊ ၇ လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများ မှတဆင့် တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ ပျမ်းမျှမိသားစုဝင်သည် ကျေးလက်ရွာများတွင် သတ်မှတ်ထားသည့် အတိုင်းရှိ၍ အဆင်ပြေပါသည်။

(၁.၂)။ အလုပ်လုပ်နိုင်သူအင်အား

ဇယား (၂) မြင်းသည်ကျေးရွာ၏ လုပ်သားအင်အား

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း: အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း:	မှတ်ချက်
၁	**စိုက်ပျိုးရေးလုပ်ငန်း:**				
	• ကိုယ်ပိုင်လုပ်ငန်း:	၁၁၉	၅၅.၉%		လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော မိသားစုများ ဖြစ် သည်။
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၁	၀.၅%		စိုက်ပျိုးရေး၀န်ထမ်း ၁ ဦး
	• မိသားစု၀င်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၂	**မွေးမြူရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၃	**ငါးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၄	**သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား			၂	ထန်းလုပ်ငန်း
၅	**ကုန်ထုတ်လုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၁၂ ၁၉	၅.၆% ၈.၉%	၁၃	လှည်းလုပ်ငန်း၊ ယက္ကန်း၊ လုပ်ငန်း များ အဓိက လုပ် ကိုင်ကြပါသည်။ ဆန်စက်၊ ဆီစက် လုပ် ငန်းများကို အခြား ထုတ် လုပ်မှုလုပ်ငန်း များဖြစ်သည်။ ၂ ဦး သည် မီးသွေးဖုတ်ကြပါ သည်။ လှည်းလုပ်ငန်း၊ ယက္ကန်း လုပ်ငန်း များ တွင် ကျွမ်းကျင်လုပ်သား များ ဖြစ်ကြသည်။
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၇	**ဆောက်လုပ်ရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၅	၂.၃%		လက်သမား၊ပန်းရံလုပ်ငန်း ကို အဓိက လုပ်ဆောင် သော မိသားစု ဖြစ်ပါသည်။
	• မိသားစုဝင်လုပ်အား				
၈	**စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်၊)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်**				
	• ကိုယ်ပိုင်လုပ်ငန်း			၅	ဆိုင်ကယ်ပြုပြင်ရေး
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)**				
	• ကိုယ်ပိုင်လုပ်ငန်း			၂၈	မွေးမြူရေးသင်တန်း ဆင်း(၁) ဦး(လတ်) ဆံပင် အလှပြင်သူ (၅) ဦး၊ ၊ စက်ချုပ်လုပ်ငန်း (၁၅) ဦး၊ အခမ်းအနား ပြင်ဆင် (၁)၊
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၀	**လက်လီလက်ကားအရောင်းအဝယ်**				
	• ကိုယ်ပိုင်လုပ်ငန်း	၂၇	၁၂.၇%		ကျေးရွာအတွင်း အိမ်ဆိုင်၊ လက်လီ လက်ကားဆိုင်၊
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**				
	• ကိုယ်ပိုင်လုပ်ငန်း			၈	လက်ဖက်ရည်၊ မုန့်တီ၊ မုန့်ဟင်းခါးဆိုင်
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၁၂	**ပို့ဆောင်ဆက်သွယ်ရေး နှင့် သိုလှောင်ခြင်း၊**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၃	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၄	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အေးကင်းလုံခြုံရေး)**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၂	၀.၉%		ထွေအုပ်၊ မြေစာရင်းဌာန များတွင် လုပ်ကိုင်သည်။
	• မိသားစုဝင်လုပ်အား				
၁၆	**ပညာရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၃	၁.၄%		ပညာရေး၀န်ထမ်း
	• မိသားစုဝင်လုပ်အား				
၁၇	**ကျန်းမာရေး**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၁	၀.၅%		ကျန်းမာရေး၀န်ထမ်း
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၁၈	**လူမှုရေးလုပ်ငန်းများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းများ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၂၄	၁၁.၃%		၂၄ ဦးသည် နေ့စား အလုပ်ကြမ်း ကြုံရာ အလုပ်လုပ် ဆောင်သော မိသားစု ဖြစ်ပါသည်။
၂၀	**ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၂၁၃	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ရက်၊ ၇ လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှု၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လုပ်ကိုင်နိုင်သော လုပ်သားအင်အားများစွာရှိပါသည်။

(၁.၃)သဘာဝအရင်းအမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၃) တံတားဦးမြို့နယ်၊ မြင်းသည်ကျေးရွာ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၇၀	ကောင်း	ရ	၁၆၁ ဧက(ကင်း တားဆည်)၁၀၉ ဧက မိုးကောင်းသောက်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ယာမြေ	၁၂၈၀	ကောင်း	မရ	မိုးကောင်းသောက်
စုစုပေါင်း	**၁၅၅၀**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေများမရှိ၍ မြေဧကတိုးချဲ့ရန်ထက် ရှိပြီး သားဧကများကို စိုက်ပျိုးရေပုံမှန်ရရှိပြီး၊ အထွက်နှုန်းတိုးတက်ထုတ်လုပ်ရန် လုပ်ဆောင်သွားရန် လိုအပ်ပါမည်။

(၁.၃.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ နွားစာသည် မိုးနှင့်ဆောင်းတွင် ခက်ခဲမှုမရှိသော်လည်း နွေရာသီတွင် အနည်းငယ် ခက်ခဲပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) မြင်းသည်ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	မြေဧက ၁၅ မှ ၄၀ ဧကကြားပိုင်ဆိုင်	မြေဧက ၅ မှ၁၅ ဧက ကြားပိုင်ဆိုင်	မြေဧက ၅ဧက အောက်	လယ်မဲ၊ယာမဲ့
အိမ်အခြေအနေ	လေးပင် သုံးခန်း တိုက်ခံ၊ တိုက်အိမ် နှစ်ထပ်၊ပျဉ်ခင်း သွပ်မိုး	လေးပင် သုံးခန်း နှစ်ထပ် ၊တိုက်ခံ ၊ ပျဉ်ခင်း၊သွပ်မိုး၊	လေးပင် သုံးခန်း၊ ထရံကာ ၊ကြမ်းခင်း၊ ထန်းရွက်မိုး၊	သုံးပင်၊ နှစ်ခန်း ထန်းရံကာ မြေစိုက်၊ထန်းရွက် မိုး ၊
လုပ်ငန်းသုံးကိရိ ယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ နွားစာစဉ်းစက်၊ ခိုင်းနွား နှစ်ရှဉ်း လှည်း	လက်တွန်းထွန် စက်၊ နွားစာစဉ်းစက်၊ ရေစုပ်စက်၊ ခိုင်းနွား တစ်ရှဉ်း၊လှည်း	ခိုင်းနွားနှစ် ကောင်၊လှည်း ထွန်၊ထယ်	တံဇဉ်၊ဓား၊ ပေါက်ပြား
ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကုန်စုံဆိုင်၊ ကား၊ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ၊ ရေခဲသေတ္တာ၊ ၊လက်ဝတ်ရတနာ များ	အိမ်ဆိုင်၊ ထော်လာဂျီ၊ သုံးဘီး ဆိုင်ကယ် ၊ ဖုန်း၊လက်ဝတ် ရတနာများ	ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း၊ စက်ဘီး	ရေဒီယို၊ဖုန်း ၊စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ	စိုက်၊ မွေး၊ အရောင်း အဝယ်၊ တစ်နှစ်ငွေ (၅၀) သိန်းခန့်	စိုက်၊မွေးနှင့်လ က်မှု လုပ်ငန်း တစ်နှစ်ဝင်ငွေ (၃၀ မှ ၄၀) သိန်းခန့်	စိုက်ပျိုရေး၊ ကျပန်း တစ်နှစ်ဝင်ငွေ (၁၅-၂၀) သိန်းကြား	ကျပန်း တစ်နှစ်ဝင်ငွေ (၁၀) သိန်းခန့်

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အခြားပိုင်ဆိုင်မှု	လှည်းဘီးလုပ်ငန်း၊ စက်ယက္ကန်း ၊ ဆီစက်၊ ပဲခွဲစက်	ပဲခွဲစက် ၊ ဆန်စက် ၊ အမှုန့်ကြိတ်စက်	ကြက်၊ဝက်၊ နို့စားနွားမ မွေးမြူခြင်း။	ကြက်၊ဝက်
အိမ်ထောင်စုပေါင်း	**၁၃ (၆.၁%)**	**၁၀၄ (၄၈.၈%)**	**၆၀ (၂၈.၁%)**	**၃၆ (၁၆.၉%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ဥစ္စာဓနအဆင့်ခွဲခြားမှုအရ မြင်းသည်ကျေးရွာတွင် အိမ်ထောင်စုပေါင်း၏ တစ်ဝက်နီးပါးသည် ဆင်းရဲသည်ကို တွေ့ရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁)ဝမ်းစာဖူလုံမှု

ဇယား (၆) မြင်းသည်ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်			
၃ လနှင့် ၅ လအထိ	၄	၁၇.၄%	လုပ်အားအကြွေးဝယ်စား၊ဆန်ကိုဆိုင်ကအကြွေးယူခြင်း၊မိတ်ဆွေအမျိုးများဆီမှချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။
၆လမှ၁၂လအထိ	၁၉	၈၂.၆%	လုပ်အားအကြွေးဝယ်စား၊ဆန်ကိုဆိုင်ကအကြွေးယူခြင်း၊မိတ်ဆွေအမျိုးများဆီမှချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ အများစုသည် ဝမ်းစာသိုလှောင်နိုင်ကြပြီး၊ စားနပ်ရိက္ခာဖူလုံမှုအတွက် ပြဿနာမရှိပါ။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထိုးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖြစ်နှစ်နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ	-	-	-
			အိမ်ထောင်စု အရေအတွက်	
အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၄	
မုဆိုးဖို	ဆင်းရဲ၍မိသားစုဦးရေများ		၁	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ		-	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ထိခိုက်လွယ်မှုအခြေအနေတွင် ဆင်းရဲသောအမျိုးသမီးဦးဆောင်သော အိမ်ထောင်စုသည် (၄)ဦး၊ ဆင်းရဲပြီး မိသားစုဦးရေများသော မုဆိုးမအိမ်ထောင်စု (၁)ဦးရှိပါသည်။ မိုးခေါင်ချိန်၊ အလုပ်အကိုင် ရှားပါးချိန်တွင် မိသားစုရပ်တည်မှုအတွက် အခက်အခဲရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	မြေယာမဲ့(၉၄) အိမ်ထောင်စု သည် စားနပ်ရိက္ခာမဖူလုံမှုအနည်းငယ်ကြုံတွေ့နိုင်ပါသည်။
ကျန်းမာရေး			
၂	ဌက်ဖျားရောဂါ	နိမ့်	မရှိသလောက် နည်းပါးပါသည်။
၃	တီဘီရောဂါ	လတ်	တီဘီရောဂါအကြောင်း ကျန်းမာရေး ဗဟုသုတရရှိကြသည်။ ယခုဆေးစားဆဲ(၂) ဦးရှိသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ကျေးရွာလူထုအများစုသည် ကျေးရွာအတွင်း၊ မြို့နယ်အတွင်း နေထိုင်လုပ်ကိုင်စားသောက်ကြသည်။ကိုယ်ခံအားကျဆင်းမှုရောဂါနှင့်ပတ်သက်သည့်အခြေခံ ဗဟုသုတရှိကြသည်။
လူမှုရေး			
၅	လူကုန်ကူးခြင်း	နိမ့်	ကျေးရွာလူထု အများစုသည် ကျေးရွာအတွင်း၊ မြို့နယ်အတွင်း နေထိုင်လုပ်ကိုင်စားသောက် ကြသည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်ခြင်းမရှိကြ၍ ဖြစ်ပွားမှု မရှိပါ။
ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်			
၆	မိုးခေါင်ခြင်း	မြင့်	တစ်ချို့နှစ်များတွင် မိုးခေါင်ခြင်းကြုံ တွေ့ရသည်။ လက်လုပ်လက်စားမိသားစု များတောင်သူငယ်များစားနပ်ရိက္ခာ မဖူလုံမှုများ ကြုံတွေ့နိုင်သည်။
၇	မုန်တိုင်း	နိမ့်	မိုးဦးကျနှင့် မိုးလယ်တွင် မိုးသက်လေပြင်းအနည်း ငယ် တိုက်ခိုက်ခြင်းသာဖြစ်သည်။
၈	ငလျင်	နိမ့်	တစ်နှစ်တွင်တစ်ကြိမ်မှ နှစ်ကြိမ်ခန့်ငလျင်လှုပ်သည်ဆိုသည့်သဘောသာကြုံဖူးသည်။
၉	မီးဘေး	နိမ့်	နွေရာသီတွင် မီးလန့်ခြင်းသာ ဖြစ်သည်။
၁၀	ဆားငံရေဝင်မြေ	လတ်	မိုးကြီးလျှင် ဆပ်ပြာကျင်းမှ ဆားငံရေများစိုက်ပျိုး မြေသို့စီးဝင်ပြီး၊ သီးနှံမအောင်မြင်ဘဲ၊ ပျက်စီးနိုင် ပါသည်။
၁၁	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	ရေနုံချက်စက်ရုံမှ စွန့်ပစ်ရေသည် ကျေးရွာရှိ တောင်သူများ၏ စိုက်ပျိုးမြေ ၃ ပုံ ၁ပုံခန့်ကို ပျက်စီးမှု ကြုံရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ နှစ်စဉ်မိုးခေါင်ရေရှားမှုဒါဏ်ကို ခံရပါသည်။

(၁.၅.၄)။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	ကျေးရွာလူငယ်အများစုသည် ကျေးရွာအတွင်း၊ မြို့နယ်အတွင်း နေထိုင်လုပ်ကိုင်ကြသည်။ အခြားဒေသသို့ သွားရောက် လုပ်ကိုင်ခြင်းမရှိသောကြောင့် လူငယ်များ ထိခိုက်မှု ဖြစ်စေသည့် အခြေအနေနည်းပါးသည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု (၄)စုသည် မြေယာမဲ့ လက်လုပ်လက်စား မိသားစုများ ဖြစ်သည်။ ကြုံသလို လုပ်ကိုင်စားသောက် နေရသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	မြေယာမဲ့ ဆင်းရဲသား တောင်သူငယ်များ မိသားစုတို့သည်မိုးခေါင်ရေရှား သည့် အချိန်၊ မိုးများလွန်းသည့် အချိန်များတွင်ဝင်ငွေရအလုပ်အကိုင် မလုပ်နိုင်ခြင်း၊ အလုပ်ရှားပါးခြင်းကို အခြားမိသားစုများထက် ပိုမိုကြုံတွေ့နိုင်သည်။
၄	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မြင့်	ဆိုင်ကယ်များ တံတားဦး ပုဂံလမ်းပေါ် တွင်ရှိ နတ်စင်ကွေ့ တွင် ယာဉ်တိုက်မှုမကြာခဏဖြစ်ပွား နိုင်ပါသည်။
၅	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	မြေယာမဲ့အိမ်ထောင်စုများသည် ရာသီအလိုက်စားဝတ်နေရေးကိုကြုံသလိုလုပ်ကိုင်ရသည့်အတွက် ဘေးဒုက္ခ ကြုံတွေ့ပါကစားဝတ်နေရေး ပိုမိုထိခိုက် နိုင်ပါသည်။
၆	ကားသမား	နိမ့်	ကျေးရွာနှင့်တံတားဦး မြို့အတွင်း မောင်းနှင်သော ကားသမားသာရှိ၍ ထိခိုက်မှုဖြစ်နိုင်ခြေနည်းပါး။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မြေယာမဲ့၊ တောင်သူငယ်၊ ကျပန်းလုပ်သားမိသားစု တို့တွင် မိုးခေါင်ရေရှားသည့် အချိန်၊ မိုးများလွန်းသည့်အချိန်များတွင် ဝင်ငွေရအလုပ်အကိုင် မလုပ်နိုင်ခြင်း၊ အလုပ်ရှားပါးခြင်း၊

မိုးကြီးရေများသည့် ဒဏ်ကိုပိုခံရခြင်းနှင့် သဘာဝဘေးကြုံတွေ့ပါက အခြားမိသားစုများထက် ပိုမိုခံစားရသည် ။

၂။ ကျေးလက်မိသားစုများ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ
		ကျား	မ	ပေါင်း		
၁	လူမှုရေးအဖွဲ့	၁၀	–	၁၀	ကျေးရွာ၏သာရေးနာရေးများတွင်ချက်ပြုတ်ကျွေးမွေးဧည့်ခံခြင်း	ကျေးရွာသားများ
၂	ဂေါပကအဖွဲ့	၁၂	–	၁၂	ဘာသာရေး၊သာသနာရေး	ကျေးရွာသူ၊သားများ
၃	လူငယ်အဖွဲ့	၅၀	၅၀	၁၀၀	သာရေးနာရေး များတွင် ကျေးမွေး ဧည့်ခြင်း။	ကျေးရွာသူ၊သားများ
၄	အသေးစားငွေစုငွေချေးအဖွဲ့	၆၀	–	၆၀	ငွေစုငွေချေး ဝင်ငွေတိုးလုပ်ငန်း လုပ်ဆောင်ရန်။	ပြင်ပမှဖွဲ့စည်းပေး
၅	မိခင်ကလေးစောင့်ရှောက်ရေးအဖွဲ့	–	၁၀	၁၀	ကျေးရွာကျန်းမာရေးလုပ်ငန်း ကူညီဆောင်ရွက်ရန်	ပြင်ပဖွဲ့စည်းပေး
၆	အမျိုးသမီးရေးရာ	–	၁၅	၁၅	အမျိုးသမီးများ၏ အခွင့်အရေး နှင့် သက်ဆိုင်သည်များ ဆောင် ရွက်ကူညီရန်	ပြင်ပဖွဲ့စည်းပေး
၇	ကျေးရွာမီးလင်းရေး	၂၁	–	၂၁	ကျေးရွာ အိမ်ထောင်စု များ မီးလင်း ရေး လုပ်ဆောင်ရန်။	ကျေးရွာသူ၊သားများ
၈	ဟိတကာရီပရဟိတ	၃၅	၂၅	၆၀	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လူမှု ရေးလုပ်ငန်း	ကျေးရွာသူ၊သားများ
၉	နာရေးကူညီမှု	၁၁	–	၁၁	ကျေးရွာနာရေး ထောက်ပံ့ခြင်း	ကျေးရွာသူ၊သားများ
၁၀	လယ်သမားရေးရာ	၅	–	၅	စိုက်ပျိုးရေး ပေးဝေရေးလုပ်ငန်း	ကျေးရွာသူ၊သားများ

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁၊ဇူလိုင်၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ကျေးရွာမှာရှိသော အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု ရှိသော်လည်း ညှိနှိုင်းဆောင်ရွက်မှုအားနည်းပါသည်။ ကျေးရွာမှာရှိသောအဖွဲ့များသည် အပြန်အလှန် ချိတ်ဆက်မှုအားကောင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးရေး အမြင်သဘော တရားများ လိုအပ်ပါမည်။

(၂.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	Pact Myanmar	၂	အဖွဲ့ဝင် ၆၀ ဦးရှိပါသည်။ Pact Myanmar အဖွဲ့မှ ဖွဲ့စည်းပုံ သဘောတရားနှင့် စာရင်းရေးသွင်းနည်း သင်တန် များ ပံ့ပိုးမှုရရှိပြီး၊ကျေးရွာမှကိုယ်ထူကိုယ်ထ ဖွဲ့စည်းဆောင်ရွက် လုပ်ကိုင်ခဲ့သည်။ တစ်ပတ်တစ်ကြိမ် အစည်းအဝေး ပြုလုပ်ခြင်း၊ အစည်းအဝေးနေ့တွင် အဖွဲ့မှ သတ်မှတ်ထား သော စုဆောင်းငွေကိုအပတ်စဉ် စုဆောင်းပြီး၊ချေးငွေကို (၆) လ သတ်မှတ်ထားပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စျေးအရောင်းအဝယ် လုပ်ငန်းများ အတွက် ချေးပေးသည်။ (၆) လတစ်ကြိမ်ပြန်လည်သိမ်းယူပြီး၊ အမြတ်ငွေ၏ ၈၀%ကို အဖွဲ့ဝင်များကို ခွဲဝေပေးပြီး၊ ၁၀%ကိုအဖွဲ့ ရန်ပုံငွေထားရှိပြီး၊ ကျန် ၁၀%ကို ကျေးရွာဖွံ့ဖြိုးရေး၊ ပညာရေး၊ ဘာသာရေး လုပ်ငန်းများတွင် အသုံးပြုပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁၊ဧပြီလိုင်၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းအနေဖြင့် ကျေးရွာစုငွေချေးငွေကဏ္ဍအတွက် Pact Myanmar ကဖွဲ့စည်းထားသော စုငွေအသင်း (၂)ဖွဲ့ရှိပါသည်။ ချေးငွေဆိုင်ရာသင်တန်းများရရှိပါ သည်။

(၂.၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) မြင်းသည်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၄	၄၄.၁%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၇	၃.၃%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၃၇	၁၇.၄%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၅၁	၂၃.၉%	အလယ်အလတ်စား တောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၄	၁၁.၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၂၁၃**	**၁၀၀%**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုများ၏ တစ်ဝက်နီးပါးသည် (၄၄.၁%) မြေယာမဲ့များဖြစ်ပါသည်။ မြေယာပိုင်ဆိုင်သူများ၏ (၂၀.၇%) သည် မြေယာ (၅) ဧက အောက်မြေယာ အနည်းငယ်ပိုင်ဆိုင် သူများ ဖြစ်ကြပြီး၊ မြေပိုင်ဆိုင်သူစုစုပေါင်း၏ (၃.၃%) သည် ဆင်းရဲသားလယ်သမားများဖြစ်ပြီး (၂.၅) ဧက အောက် ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံခန့်သာ အဆင်ပြေသောအိမ်ထောင်စု လယ်သမားလတ်များ၊ လယ်သမားကြီးများ ဖြစ်ကြပါသည်။ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက် စမ်းစစ်ခြင်းအရ မြေယာပိုင်ဆိုင်မှုအနေဖြင့် ထပ်မံတိုးချဲ့ ၍မရတော့ပါ။

(၂.၄) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) မြင်းသည်ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည် (ကင်းတားဆည်)	အစိုးရ	၁၆၁	ရာသီအလိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းတောင်သူ လယ်သမား(၈၇) ဦးသည် လယ်မြေ (၁၆၁) ဧကသာ ကင်းတားဆည်ရေရ စိုက်ပျိုးနိုင်သည်။ ယာမြေဧကများသည် များသောအားဖြင့် မိုးသီးနှံ၊ ဆောင်းသီးနှံ နှစ်သီးစိုက်နိုင်သော်လည်း မိုးခေါင်သောနှစ်များတွင် တစ်သီးစားသာ စိုက်ပျိုးနိုင်သည်။ ကျန်ဧကများသည် မိုးကောင်း သောက် ဧရိယာများဖြစ်ပြီး၊ မိုးကို မှီခိုရ၍ စိုက်ပျိုးကြရပါသည်။ မိုးရေလျှောင်ကန်ပြုလုပ်ခြင်း၊ မြေအောက်ရေတူး ဖော်စိုက်ပျိုးခြင်းစသော အစီအစဉ်များ ဆောင်ရွက်ရန်သင့်ပါသည်။ သို့မှသာ တောင်သူများတစ်နိုင်တစ်ပိုင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်လာပါမည်။

(၂.၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု		ပျမ်းမျှ	သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး					
စပါး	၁၆၁	တင်း	၄၀	၈၀	၆၀	ဝါဆို၊ဝါခေါင်	လတ်	လတ်	
မြေပဲ	၈၁	တင်း	၂၅	၆၀	၄၅	ဝါဆို၊ဝါခေါင်	လတ်	လတ်	
နှမ်း	၁၀၀	တင်း	၃	၇	၅	ကဆုန်၊နယုန်	နိမ့်	လတ်	
ကုလားပဲ	၅၀	တင်း	၅	၁၀	၇	တန်ဆောင်မုန်း၊နတ်တော်	နိမ့်	လတ်	
ပဲစဉ်းငုံ	၁၅	တင်း	၁	၅	၃	ကဆုန်၊နယုန်	နိမ့်	နိမ့်	သီးညှပ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

ကျေးရွာတောင်သူသည် ဆည်ရေဖြင့်မိုးစပါးစိုက်ပျိုးနိုင်ကြပါသည်။ မိုးကောင်း သောက်ဧကများသည် မိုးရေကို မှီခိုစိုက်ပျိုးရ၍ စိုက်ပျိုးထုတ်လုပ်မှု သေချာမှုနည်းပါသည်။ စိုက်ပျိုးရေမလုံလောက်ဘဲ၊ မိုးခေါင်လျင်ဆည်ရေပုံမှန်မရဘဲ၊ သီးနှံမအောင်မြင် ဖြစ်၍ အထွက်နှုန်း လျော့သည်။ ကျေးရွာတွင် အခြားအဓိက စိုက်ပျိုးသောယာသီးနှံများမှာ မြေပဲ၊ နှမ်း၊ ကုလားပဲ၊ ပဲစဉ်းငုံ၊ နွားစာပြောင်း တို့ စိုက်ပျိုးကြသည်။ မိုးဦးကာလတွင် နှစ်စဉ်မိုးခေါင်ရေရှား၍ သီးနှံမအောင်မြင်ဘဲ စိုက်ပျိုး ထုတ်လုပ်မှု မသေချာခြင်း၊ အတွက်နှုန်း လျော့နည်းလာပါသည်။။ စိုက်ပျိုးသီးနှံများကိုမိရိုးဖလာစိုက်ပျိုးနည်းဖြင့် သာ စိုက်ပျိုးထုတ်လုပ်ကြပါသည်။

(၂.၆) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) မြင်းသည်ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၂၉	မရှိ	လက်တွန်းထွန်စက်ကို တောင်သူကြီးများနှင့် တောင်သူလတ်တို့ ပိုင်ဆိုင်ကြပြီး ၎င်းတို့ ထွန်

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
			ယက်ပြီးမှ နီးစပ်ရာကို တစ်ဧကတစ်ရွာ အတွက် လယ်ရှင်မှ ဆီထည့်ပေးရသည့် အပြင်ငွေ (၁၀၀၀၀)တစ်သောင်းကျပ်ဖြင့် ငှားသုံးရသည်။
ခြွေလှေ့စက်	၁	မရှိ	စပါးတင်း(၁၀၀) ချွေလျှင်စက်ခ(ဖ)တင်းပေးရသည်။
ရေစုပ်စက်	၁၂	၁	ကျေးရွာ သမအသင်းစုဝင်များမှ ဝယ်ထားသော ရေစုပ်စက် တစ်လုံးရှိ (၁)နာရီ ၃၀၀ကျပ်ဖြင့် အငှားလိုက်သည်။ ပုဂ္ဂလိက စက်များမှလည်း မိမိတို့ ရေတင်ပြီးလျှင် အငှားလိုက်သည်။
မြက်ရိတ်စက်	၅	မရှိ	ကျေးရွာမှ တောင်သူကြီးများ ပိုင်ဆိုင်ပြီး ပုဂ္ဂလိကသုံးဖြစ်သည်။ လိုအပ်၍ငှားပါက လူမှုရေး အရသာငှားအခကြေးငွေနှင့်ငှားသည့် အလေ့မရှိပါ ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ခိုင်းနွားများကို အဓိကအသုံးပြုကြပြီး၊ လယ်ယာသုံးကိရိယာများလည်း ပြည့်စုံကြပါသည်။

(၂.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	ကျေးရွာရှိ လယ်မြေများသည် မြေဆီလွှာ ကောင်းမွန်ပြီးယာမြေ အများစုမှာမြေဆီလွှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ ပြည် တော်သာကန်ကိုပြုပြင်နိုင်ပါကယ ခုလက်ရှိ ထက်စိုက်ပျိုး မြေဧက (၅၀)ခန့်တိုးလာနိုင်ပါသည်။ ချောင်းက်ဆည်မှလည်းရေသွယ်ရန် စီမံချက် ရေမြောင်းတူးထားပြီး ထိုရေမြောင်းမှ ရေလုံ လောက်စွာရပါ ကဧက(၁၀၀)လောက် စပါးတိုးချဲ့စိုက်နိုင် ပါမည်။
ရေအရင်းအမြစ်	ရှိ	ကင်းတားဆည် ရေပေးမြောင်းမှပျုကန်သို့ရေထည့်ပြီး ပျုကန်မှ စိုက်ပျိုးရေရရှိသည်.။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ကျေးရွာတွင် စိုက်ပျိုးရေးစွန့်ပစ် အမှိုက်များ နှင့် နွားချေးများ ပေါများစွာရသည်။ နွားချေးကို အဓိကသုံးသည်။ ကျေးရွာတွင် တောင်သူတစ်ဦးသာ စိုက်ပျိုးရေးမှ ထုတ်သောရွက်စိမ်းမြေဩာ စမ်းသုံးနေဆဲ ဖြစ်ပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	သြဂဲနစ်ပိုးသတ်ဆေးသုံးသော အလေ့အထနည်း၊ ကျေးရွာတွင် တောင်သူ တစ်ဦးသာ စိုက်ပျိုးရေးမှ ထုတ်သော ပိုးသတ်ဆေးကို စမ်းသပ် သုံးကြည့်နေဆဲ ဖြစ်ပါသည်
ချေးငွေရရှိမှု	ရှိ	စိုက်ပျိုးတောင်သူများ အနေဖြင့် ပုံစံ(၇) ထွက်ရှိပြီး၊ မြန်မာ့စိုက်ပျိုး ရေးဘဏ်မှ ၎င်းပုံစံရှိသော တောင်သူများ ချေးငွေ တစ်ဧက (၁၀၀၀၀၀) ကျပ် အတိုး ၈ % နှင့် ချေးငွေ ရရှိပါသည်။ ကျေးရွာ တွင်းရှိ တိုးတက်အောင် နှင့် ကြံတိုင်းအောင်ငွေစုငွေချေး အဖွဲ့များထံမှလည်းချေးငွေရရှိ၊ သမအသင်းစုဝင်များသည် သမအသင်းမှ ချေးငွေရရှိပါသည်။ အသင်းဝင်ဖြစ်ပါကအတိုး ၂% တိုးနှင့် အသင်း ဝင် မဟုတ်ပါ က ချေးငွေတန်ကြေးမျှရှိသော အပေါင်ပစ္စည်း ထားပြီး ၄% တိုးဖြင့် ချေးနိုင်ပါသည်။
သွင်းအားစုစျေးကွက်	ရှိ	မန္တလေး ၊တံတားဦး စျေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိ၊ သုံးစွဲ နိုင် ပါသည်။
ဝန်ဆောင်မှုစျေးကွက်	ရှိ	စိုက်ပျိုးရေးဦးစီးဌာနတို့မှ မျိုးကောင်း၊ သန့်စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာကို နီးစပ်ရာတောင်သူကြီး များသာရရှိပြီး၊ စိုက်ပျိုးရေး ဆေးကုမ္ပဏီများမှလည်း ဆေးရောင်းရင်း နည်းပညာ အနည်းငယ် ပံ့ပိုးမှု ရပါသည်။
ထုတ်လုပ်မှုစျေးကွက်နှင့် ကုန်သွယ်မှု	ရှိ	တံတားဦးပွဲစားများထံတွင် အလွယ်တကူရောင်းချနိုင်၊ တောင်သူကြီးများသည် (၃)ဦးမှ (၅) ခန့် စုပြီးမန္တလေး ကုန်သည်ကြီးများနှင့် တိုက်ရိုက်ချိတ်ဆက် ရောင်းချ ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် မြေဆီဩဇာကောင်းမွန်သော လယ်ယာမြေများရှိပါသည်။ ကင်းတားဆည်ရေ လက်လှမ်းမှီမှု ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကို တိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်း ကောင်းများ ရှိပါသည်။

(၂.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	(၂၆) ဧက အကျယ်အဝန်း ရှိသော ပြည်တော်သာကန်သည် ယခင်က ကျေးရွာပိုင်ဖြစ် သော်လည်း ယခု နိုင်ငံတော်မှ ကျေးရွာ ၏ ပလပ်မြေစာရင်းတွင် ဖော်ပြထားသောကြောင့် ပြည်တော်ကန် ကို မပြုပြင်နိုင်၍ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ပါ ။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	သင့်တင့်သောအတိုးနှုန်းဖြင့် လိုအပ်သလောက်ချေးငွေမရနိုင်။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သောသွင်းအားစုများကို လိုအပ်သလောက် အချိန်မီသုံးစွဲရန် လယ်သမားများတွင် အရင်းအနှီး မလုံလောက်ပါ ။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	စိုက်ပျိုးရာသီချိန်၊ လုပ်ငန်းလုပ်သားလိုအပ်မှုတူသော ကြောင့် လုပ်သားရှားပါး အချိန်မီ စိုက်ပျိုး၊ရတ်သိမ်းနိုင်ရန် အခြားဒေသမှ ခေါ်ရလုပ်အားခ ပိုပေးရပါသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	ပျုကန်တွင် နုန်းများနေပြီး၊ ရေသိုလှောင်မှုအားနည်း၊ တစ်နှစ် ပတ်လုံး စိုက်ပျိုးရေမရ။ စိုက်ပျိုး ရေမလုံ လောက်၍ မိုးတစ်သီး သာ စိုက်နိုင်ပါသည်။
မိုးရေမလုံလောက်မှု	ရှိ	နှစ်စဉ်လိုလို မိုးဦးနှင့်မိုးနှောင်းကာလများတွင် မိုးခေါင်ပါ သည်။
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	အရင်းအနှီးအလုံအလောက်မရှိ၍ သွင်းအားစုများ (မျိုးစေ့၊ မြေဩဇာ၊လုပ်သား၊ စသောတောင်သူငယ်များသည် ကြိုတင်မဌားရမ်းနိုင်ခြင်း၊ မဝယ်ယူနိုင်ခြင်း၊ အသုံးမပြုနိုင်ပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါးတွင် အမြစ်ပိုး နှင့် ဆစ်ပိုးကျရောက်ခြင်း၊ မြေပဲ၊ နှမ်းတို့တွင် ရွက်လိပ်ပိုး ကျရောက်ပြီး ကုလားပဲ သီးနှံတွင် ရွက်စားပိုးကျရောက်ပါ သည်။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	ပြင်ပအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအစိုးရဌာနမှလုံလောက်သော နည်းပညာမရပါ ။
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	ဈေးနှုန်းမတည်ငြိမ်မှု၊ သီးနှံဈေးကွက် အတက်အကျ များခြင်း၊ ယမန်နှစ်ကသီးနှံဈေးကောင်းသောသီးနှံများကို ဦးစားပေးစိုက်ကြပြီး၊နောင်နှစ်တွင်ဈေးမကောင်းခြင်း၊ အမြတ်အစွန်းနည်းပါးခြင်း၊ တံတားဦး မြို့နယ်တွင်း ပွဲစား၊ပွဲရုံများမှ ပေးသည့် ဈေးနှင့်သာ ရောင်းရပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးထုတ်လုပ်မှုတွင် နှစ်စဉ်မိုးခေါင်၍ စိုက်ပျိုးထုတ်လုပ်မှုမသေချာပါ။ စိုက်ပျိုး ချေးငွေလုံလောက်မှုမရှိ၍ လိုအပ်သောရင်းနှီးငွေမပြည့်စုံပါ။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် စိုက်ပျိုးရေးနည်း ပညာများ လက်လှမ်းမှီမှုမရှိပါ။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် ရင်းနှီးမတည်ငွေများ၊ စိုက်ပျိုး ရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်လုပ်ဆောင်ရပါမည်။

(၃) မွေးမြူရေးလုပ်ငန်း

(၃.၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၀၂	ခိုင်းနွား(၂၃၈)၊နို့စားနွား(၄၄၄)၊များကိုမွေးမြူကြသည်။
ဆိတ်	၂	၃၂ ကောင်
သိုး	၂	၈၀ကောင်
ဝက်	၄၄	၄၄ ကောင်
ကြက်	၂၆	၁၇၅ ကောင်
ဘဲ	၁	၁၀ ကောင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိကြပါ။

(၃.၂) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ

ဇယား(၁၉) မြင်းသည်ကျေးရွာ၏ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	ရာသီသီးနှံ ရိတ်သိမ်းပြီးကာလမှ စားကျက်မြေအဖြစ် အသုံးပြု၍ ရသည်။
ရေရရှိမှု	တိရစ္ဆာန် သောက်သုံးရေ၊ သုံးရေအတွက် အလွယ်တကူ ရရှိနိုင်သည်။
တိရစ္ဆာန်မျိုး	ကျေးရွာတွင်း မွေးမြူနေသော နွားများသည် မျိုးသန့်ဖြစ်ခြင်း၊ ဝက်များသည် မျိုးသန့်ဖြစ်ခြင်း။ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းပါသည်။
ချေးငွေ	ပက်မြန်မာချေးငွေအသင်းစုများ၊ မြစိမ်းရောင်စိမ်းကိန်းများလက်လှမ်းမှီခြင်း
သွင်းအားစုစျေးကွက်	နွား၊ဝက်၊အသား/ဥစားကြက်များအတွက်ကျေးရွာတွင်းအစာရောင်းသည့်ဆိုင်များ ရှိခြင်း၊ လိုအပ်သောဆေးဆိုင်များရှိခြင်း

အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုဈေးကွက်	တံတားဦးတိမ္မေးကုဦးစီးဌာနမှနှစ်စဉ်ကွင်းဆင်းဆောင်ရွက်ခြင်း၊ ကျေးရွာတွင်းတိရစ္ဆာန်ဆရာဝန်ရှိခြင်း
ထုတ်ကုန်ရောင်းဝယ်မှု	ကျေးရွာတွင်းအလွယ်တကူရောင်းချနိုင်ခြင်း၊ ပွဲစားများရှိခြင်း
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	နွားမွေးမြူရန်နှင့်ဝက်မွေးမြူရန်အတွက်လုံလောက်သောခြံဝင်းများရှိကြ သည်။
စီးပွားဖြစ် မွေးမြူရေးဆိုင်ရာ လိုင်စင်လက်လှမ်းမီမှု	လိုင်စင်ရလုပ်ငန်းများနှင့်အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း
မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဗဟုသုတ	တိရစ္ဆာန်များရောဂါကျရောက်သည့်လကိုသိရှိခြင်း၊ကြိုတင်ကာကွယ်ဆေးထိုးခြင်း၊တိရစ္ဆာန် ဆရာဝန်များနှင့်ချိတ်ဆက်ထားခြင်း။
တိရိစ္ဆာန်မွေးမြူရေးအတွက် အဆောက်အဦးလက်လှမ်းမီမှု	တိုင်၊ အမိုး(ထန်းလက်)များ ရွာတွင်ရှိခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၃ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ရန် အစာရေပေါများပါသည်။ မွေးမြူရေးထုတ်ကုန်များ ရောင်းချရန် ဈေးကွက်လက်လှမ်းမှီမှုရှိပြီး၊ တိမ္မေးကုဌာနနှင့် ချိတ်ဆက် မှုရှိပါသည်။ နို့စားနွားများ တိုးချဲ့မွေးမြူရန် ရေမြေရာသီဥတုသင့်တော်၍ မြဘုရင်နို့ချက်စက်ရုံနှင့် လက်လှမ်းမှီမှုရှိပါ သည်။

(၃.၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သော အတိုးနှုန်းထားနှင့် ချေးငွေလက်လှမ်းမှီမှု မရှိပါ။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ	မိရိုးဖလာမွေးမြူကြပါသည်။ လုပ်ငန်းတိုးချဲ့မွေးမြူလာပါက မွေးမြူ နည်းစနစ်များ၊ ကာကွယ်နည်းများ လိုအပ်လာပါမည်။

